ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (15-12-2015) (စဉ်၁၅)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ် ၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အဂံ္ဂုတ္တိရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် တိုးတက်မှုများရရှိနေပြီဖြစ်

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၄၁)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်

ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ကျရောက်သော (၄၁) ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရခိုင်ပြည်နယ်အဖြစ် ပြဋ္ဌာန်းပေးပြီးနောက် ရခိုင်ပြည်နယ်နေ့ကို ရွေးချယ်သတ်မှတ်ရာ၌ ပထမအကြိမ် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် ဆန္ဒခံယူပွဲ စတင်ကျင်းပသည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၁) ကြိမ်ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် သဘာဝပထဝီအနေအထားအရ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ရခိုင်ရိုးမတောင်တန်းတို့ကို ပိုင်ဆိုင်သည့်အပြင် မြေဩဇာကောင်းမွန်သော လယ်ယာမြေများရှိသည့်အတွက် ဆန်ရေစပါး၊ သားငါးနှင့် သဘာဝသယံဇာတ ပေါကြွယ်ဝပြီး ရေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာ ပြည်နယ်တစ်ခုဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ကဏ္ဍပေါင်းစုံ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိနေပြီဖြစ်ပါသည်။

ယခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှု၊ မုန်တိုင်းဒဏ်ခံရမှုနှင့် ရေကြီးရေလျှံမှုများကြောင့် ရခိုင်ပြည်နယ်တစ်ဝန်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးကို အမြန်ဆုံးနှင့်အထိရောက်ဆုံး ဆောင်ရွက်ပေးခဲ့သည်။ ရေလွှမ်းနစ်မြုပ်သော လယ်မြေများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခုအခါ ရိတ်သိမ်းနေကြပြီဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

မ္ဘမန္တလေး၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေသည့် စိတ္တရမဟီအဆင့်မြင့်အိမ်ရာ

သတင်း -မင်းထက်အောင်(မန်းကိုယ်ပွား)
ဓာတ်ပုံ - အောင်ရဲသွင်

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ စိတ္တရမဟီအဆင့်မြင့်အိမ်ရာ စီမံကိန်းကို တွေ့ရစဉ်။

ပြည်သူများ၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အစိုးရမြေများပေါ်တွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများနှင့် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဌာနပိုင်အိမ်ရာစခန်းများတွင်လည်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းများဖြင့် အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသောဝန်ထမ်းများ နေထိုင်ရေးအခက်အခဲမရှိစေရန်အတွက် ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ ဘဏ္ဍာငွေများ လျာထားသတ်မှတ်ကာ ဝန်ထမ်းအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာနှင့် တန်ဖိုးမျှတအိမ်ရာများ တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါအိမ်ရာစီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်(၂၆×၂၇)လမ်းနှင့်(၇၃×၇၄)လမ်းကြားရှိ စိတ္တရမဟီအဆင့်မြင့်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းကို ၂၀၁၄ ခုနှစ် မတ်လ ၂၃ ရက်မှစတင်၍ တင်ဒါစည်းမျဉ်းနှင့်အညီ အကျိုးတူဆောက်လုပ်ခွင့်ရရှိကြသော ကုမ္ပဏီငါးခုက သုံးလအတွင်းပြီးစီးအောင် တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ၂၀၁၅ ခုနှစ် ဇွန်လ ၁၆ ရက်တွင် မဲစနစ်ဖြင့် နေရာချထားပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆင့်မြင့်ဆောက်လုပ်ပြီးစီးခဲ့သည့် စိတ္တရမဟီအိမ်ရာစခန်းရှိ အဆောက်အအုံများသည် ၁၉၅၁ ခုနှစ်တွင် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာ စည်ပင်ရေးအဖွဲ့မှ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ကြေးမုံ ရေးသူ ဒီဇင်ဘာ ၁၅-၁၂-၂၀၁၅၊ အင်္ဂါနေ့

စာပေဖြင့် ခေတ်ဝန်ကိုထမ်း

နတ်တော်လသည် စာဆိုတော်လဖြစ်သည်။ ရှေးမြန်မာဘုရင်များ လက်ထက်က နတ်တော်လတွင် စစ်ဘက်၊ စာပေဘက်၊ အုပ်ချုပ်ရေးဘက်တို့၌ ထူးချွန်သောပညာရှင်များ၊ မင်းညီမင်းသားများ၊ မှူးမတ်များစသည့် ပုဂ္ဂိုလ်များကို ဘွဲ့ထူး၊ ဂုဏ်ထူးများပေးအပ်ခီးမြှင့်လေ့ရှိသည်။ အထူးသဖြင့် စာဆိုတော်များကို အစဉ်အလာမပျက်ခီးမြှင့်လေ့ရှိသည်။

ဘွဲ့ထူး၊ ဂုဏ်ထူးများ ထိုသို့ခီးမြှင့်ခဲ့သဖြင့် နိုင်ငံတော်တွင် စစ်သူရဲကောင်းများ၊ စာပေသူရဲကောင်းများ၊ အုပ်ချုပ်စီမံထူးချွန်သူများ ပေါ်ထွက်ခဲ့သဖြင့် တိုင်းပြည်အတွက် အကျိုးရှိသောခီးမြှင့်ပွဲဖြစ်သည်။ ထိုအစဉ်အလာကောင်းမှာ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိ၊ စာပေထူးချွန်သူများကို နယ်ချဲ့လက်အောက်တွင်လည်း ခီးမြှင့်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွင်မူ ထိုဂုဏ်ပြုခီးမြှင့်ပွဲများကို နှစ်စဉ်ကျင်းပနိုင်ခဲ့သည်။

မျက်မှောက်ကာလတွင် စာပေပိုင်းဆိုင်ရာခီးမြှင့်မှုအမျိုးမျိုး ကျင်းပခဲ့ရာ ထင်ရှားသည့်စာပေပွဲမှာ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများခီးမြှင့်ပွဲဖြစ်သည်။ နိုင်ငံနှင့်ပြည်သူ အကျိုးပြုစာပေလက်ရာကောင်းများကို ဆန်ခါတင်စိစစ်ရွေးထုတ်၍ ခီးမြှင့်ပေးအပ်ခြင်းသည် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုရာရောက်သလို စာကောင်းပေမွန်မျိုးစဉ်ဆက်မပြတ်ပေါ်ထွက်၍ လူဘောင်အဖွဲ့အစည်းကို မြှင့်တင်ပေးရာလည်းရောက်သည်။

ရှေးနှစ်ပေါင်းများစွာကတည်းက ရှင်သန်ဖွံ့ဖြိုးပေါ်ပေါက်ခဲ့သည့် စာပေအမွေအနှစ်များမှာ ထိုကဲ့သို့ ဂုဏ်ပြုခီးမြှင့်ခဲ့သဖြင့် ယနေ့ထက်တိုင် ရှင်သန်ဖွံ့ဖြိုးနေသည်ဟု ဆိုရမည်ဖြစ်သည်။ တစ်ချိန်က စာပေထွန်းတောက်ခဲ့သလို ယနေ့တိမ်မြုပ်မသွားအောင်လည်း စာဆိုတော်ကြီးများက အကျိုးပြုစာပေများကို လက်ဆင့်ကမ်းပေးဝေနိုင်ခဲ့သည်။ "စာပေမြင့်မှ လူမျိုးမြင့်မည်"၊ "စာပေပျောက်လျှင် လူမျိုးပျောက်မည်"ဆိုသကဲ့သို့ မြန်မာစာပေ မြင့်မားအောင်၊ မြန်မာစာပေ မပျောက်ကွယ်အောင် ပိုင်းဝန်းထိန်းသိမ်းလျက်ရှိကြ၍ ဝမ်းမြောက်မိသည်။

စာပေသည် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းဖြစ်သလို လူဘောင်အဖွဲ့အစည်း၏ အယူအဆသတ်မှတ်ချက်နှင့် တန်ဖိုးကိုထင်ဟပ်စေသည့် ကြားခံပစ္စည်းဟု ဆိုကြသည်။ စာပေသမိုင်းနှင့်လူဘောင်အဖွဲ့အစည်းသမိုင်းတို့သည် ယှဉ်တွဲနေပြီး အချင်းချင်းကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီရှိနေကြသည်။ လူဘောင်အဖွဲ့အစည်းမရှိဘဲ စာပေသက်ဆိုးမရှည်နိုင်သလို စာပေမရှိသည့် လူဘောင်အဖွဲ့အစည်းမှာလည်း ရေရှည်ဖွံ့ဖြိုးရှင်သန်မည်မဟုတ်ချေ။

စာပေကြောင့် လူတို့အသိပညာမြင့်မားပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေသလို အမျိုးသားရေးစိတ်ဓာတ်လည်း ထက်သန်ခိုင်မာစေပါသည်။ ထို့ကြောင့် အကျိုးပြုစာပေသည် နိုင်ငံအတွက်ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူအတွက် စိတ်ဓာတ်ခွန်အားများ တိုးပွားစေပါသည်။ စာပေသည် လူတို့၏အားနည်းချက်များကို မီးမောင်းထိုးပြနိုင်သဖြင့် မှားယွင်းသောလုပ်ဆောင်မှုများ၊ လွဲမှားသောအယူအဆများကို သိမြင်စေနိုင်သဖြင့် စာပေလက်နက်ဟု ခေါ်ဆိုကြသည်။

ရသစာပေသည် ခံစားမှုကိုနှိုးဆွစေပြီး သုတစာပေသည် အသိအမြင်ကိုနိုးကြားစေသည်။ ထို့ကြောင့် ထင်ရှားသည့်စာဆိုတော်ကြီးများ၏ သုတစာပေ၊ ရသစာပေ လက်ရာကောင်းလက်ရာမွန်များကို ရွေးထုတ်ဂုဏ်ပြုအသိပေးရခြင်းဖြစ်သည်။ ထိုစာပေများကို ပြည်သူတို့ဖတ်ရှုရခြင်းဖြင့် အသိအမြင်နှင့် ခံစားမှုများရှင်သန်ဖွံ့ဖြိုးစေသည်။ ၂၀၁၄ ခုနှစ်အတွက် ခီးမြှင့်ပေးအပ်ခဲ့သည့် ဆုအမျိုးအစားများကိုကြည့်လျှင် သုတ၊ ရသ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ ကလေး၊ လူငယ်ဆိုင်ရာစာပေများပါဝင်သဖြင့် စုံလင်လှသည်။

မျက်မှောက်ကာလတွင် ကလေးလူငယ်စာပေများ အားကောင်းဖို့လိုအပ်နေသေးသည်။ ယနေ့ကာလသည် ကလေးလူငယ်စာပေများ ဖွံ့ဖြိုးရေးကိုဦးစားပေးရမည့်အချိန်ကာလဖြစ်သည်။ ခေတ်နှင့်အညီစနစ်တကျမူဝါဒနှင့် ဦးတည်ချက်၊ အနှစ်သာရ၊ ပုံသဏ္ဌာန်၊ အကြောင်းအရာ၊ အလှဆင်ယင်ခြင်းစသည့် စာဟန် ပေဟန် လှပ်ရှားဟန်များနှင့် ကလေးလူငယ်များစိတ်ဝင်စားဖွယ်ဖြစ်အောင် အားထုတ်ကြရဦးမည်ဖြစ်သည်။

အမျိုးသားစာပေအင်အားစုတွင် ကလေးသူငယ်စာပေဖွံ့ဖြိုးရေးမှအစပြု၍ မြန်မာစာပေကဏ္ဍ ဖွံ့ဖြိုးလာအောင် စာပေပညာရှင်များအားလုံးက စာပေဖြင့် ခေတ်ဝန်ကိုထမ်းနိုင်ကြပါစေရန် တိုက်တွန်းအပ်ပါသည်။ ။

အိန္ဒိယ-မြန်မာ-ထိုင်း ဖြတ်သန်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ၂၀၁၆ နှစ်လယ်တွင် စတင်မည်

မန္တလေး ဒီဇင်ဘာ ၁၄

အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံ ဖြတ်သန်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဆီဗိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဖြတ်သန်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသည် ဒေသဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုတွင် များစွာအထောက်အကူဖြစ်နိုင်သဖြင့် ကြိုဆိုပါကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အဆိုပါ အခမ်းအနားတွင် ပြောကြားခဲ့သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများအား သက်ဆိုင်ရာနိုင်ငံ အစိုးရအဖွဲ့အစည်းများ ဆွေးနွေးလျက်ရှိပြီး သုံးနိုင်ငံအစိုးရများ သဘောတူညီမှု လက်မှတ်ထိုးပြီးပါက ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု လုပ်ငန်းများ စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် မော်တော်ယာဉ်မောင်းနှင်သူများ ပြည်ပနိုင်ငံများတွင် မောင်းနှင်နိုင်ရေး၊ နိုင်ငံတကာအဆင့်မီ Chip ပြားထည့်သွင်းထားသော ယာဉ်မောင်းလိုင်စင်များ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ထုတ်ပေးနိုင်ရေး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြတ်သန်းသွားလာမည့်ယာဉ်များ စစ်ဆေးရေးအတွက် ဂိတ်နေရာများသတ်မှတ်ခြင်းကို အကောက်ခွန်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးသင့်မြတ်သူက ရှင်းလင်းပြောကြားသည်။

အိန္ဒိယ-မြန်မာ-ထိုင်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုတွင် အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့မှ အမှတ် (၃၉) အမြန်လမ်းမကြီးအတိုင်း ဂူဝါဟာတီမြို့ -အင်ဖာ- မိုးရေး မြို့များအထိ မောင်းနှင်ပြီး မြန်မာနိုင်ငံ တမူး-ကလေး၀-ယာကြီး-ယင်းမာပင်-ပုလဲ-ပခုက္ကူ- ညောင်ဦး-ကျောက်ပန်းတောင်းမှ အမြန်လမ်းပေါ်တက်ပြီး ဘောနတ်ကြီးဘုရားကြီးအထိ၊ ၎င်းမှ ကျိုက်ထို-ဘီးလင်း-သထုံ-ဘားအံ-မြ၀တီ၊ ယင်းမှထိုင်းနိုင်ငံမဲဆောက်အထိ ပြေးဆွဲသွားရန် စီစဉ်ထားသည်။

မြန်မာ-အိန္ဒိယကုန်သွယ်မှုသည် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှပို့ကုန် အမေရိကန်ဒေါ်လာ ၇၄၅ ဒသမ ၈၀၄ သန်းရှိပြီး ပို့ကုန် ၅၉၄ ဒသမ ၇၇၆ သန်းနှင့် သွင်းကုန် ၅၉၄ ဒသမ ၇၇၆ သန်း ကုန်သွယ်မှုပမာဏ ၁၃၄၀ ဒသမ ၅၈ သန်းရှိသည်။

မြန်မာနိုင်ငံမှ ပဲအမျိုးမျိုး၊ သစ်နှင့် သစ်ပါးလွှာများ၊သတ္တုနှင့် သတ္တုရိုင်းများတင်ပို့ပြီး အိန္ဒိယနိုင်ငံမှဆေးဝါးပစ္စည်း၊ မော်တော်ယာဉ်ပစ္စည်း၊ စက်ကိရိယာများ၊ သွပ်ပြား၊ ဓာတုဗေဒပစ္စည်းများ၊ လယ်ထွန်စက်၊ လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ တင်သွင်းကြောင်း သိရသည်။

ယင်းကဲ့သို့ မော်တော်ယာဉ်လိုင်းပြေးဆွဲခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေပြီး ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်(ရွှေဈေး) ၇၄၇၂၀၀ - ၇၄၈၂၀၀
မန္တလေး(ရွှေဈေး) ၇၄၇၀၀၀ - ၇၄၈၀၀၀

	ရန်ကုန်	မန္တလေး
စက်သုံးဆီဈေးနှုန်း		
(က) ဒီဇယ် တစ်လီတာ	၆၃၀/၆၄၀ ကျပ်၊	၆၇၀/၆၉၀ ကျပ်
(ခ) အောက်တိန်း 95တစ်လီတာ	၇၅၀/၇၇၀ ကျပ်၊	၈၄၀/၉၂၀ ကျပ်
(ဂ) အောက်တိန်း 92 တစ်လီတာ	၆၅၀/၆၇၀ ကျပ်၊	၇၂၀/၇၄၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၅၆၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၅၀ ကျပ်

၇-၁၂-၂၀၁၅ ရက်နေ့မှ ၁၁-၁၂-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှမှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၄၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၉၆ ကျပ် ဖြစ်ပါသည်။ (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

နိုင်ငံခြား ငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၂၉၉. ၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၄၂၆. ၆
(ဂ)	တရုတ်	တစ်ယွမ်	- ၂၀၁. ၂၃
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၅. ၉၃၄
(င)	မလေးရှား	တစ်ရင်းဂစ်	- ၃၀၀. ၄၅
(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၉. ၃၄၅
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၀၇၅. ၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၀၉. ၄၃
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	- ၉၃၁. ၁၂
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၉၁၉. ၅၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မြန်မာ-ကိုရီးယား သစ်လုပ်ငန်းအဖွဲ့မှ ကျေးရွာသုံးရေသန့်စက်များလှူဒါန်း

ရေတာရှည် ဒီဇင်ဘာ ၁၄

စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု မူဘောင်အတွင်းမှ REDD+ အပြည်ပြည်ဆိုင်ရာ လုပ်စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာ-ကိုရီးယားသစ်တောဆိုင်ရာပူးပေါင်းဆောင်ရွက်သည့်အဖွဲ့က ကျေးလက်ဒေသများ သောက်သုံးရေသန့်ရရှိစေရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုင်းရသစ်တောကြိုးဝိုင်းနယ်မြေရှိ ဇရဲပေါက်ကျေးရွာနှင့် အိမ်ခြေနှစ်ဆယ်ကျေးရွာများတွင် ရေသန့်စက်များတပ်ဆင် လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေသန့်စက်များ တပ်ဆင်ပေးခြင်းဖြင့် ကျေးရွာဒေသခံများ၊ ကျောင်းသားကျောင်းသူများ၊ ခရီးသွားလာကြသူများအားလုံး သုံးစွဲနိုင်မည်ဖြစ်ပြီး ရေရှည်သုံးစွဲနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ဇရဲပေါက်ကျေးရွာ ဆယ်အိမ်မှူး ဦးဇော်ဝင်းက ပြောသည်။

ကျေးလက်ဒေသများတွင် သောက်သုံးရေမသန့်ရှင်းမှုကြောင့် မဂ္ဂနီစီယံနှင့် သံဓာတ်များစွာ ပါဝင်ခြင်းကြောင့် ရှိရမည့်အရွယ်ထက် အိုမင်းရင့်ရော်မှုများ ဖြစ်ပွားတတ်ကြောင်း တောအုပ်ဦးမြင့်ထွေးက သုံးသပ်ပြောကြားသည်။ ဇရဲပေါက်ကျေးရွာသည် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း ၁၅ မိုင်တွင်တည်ရှိကာ လူဦးရေ ၅၂၄ ဦးခန့် နေထိုင်လျက်ရှိပြီး ကျောင်းသား ကျောင်းသူ ၁၀၃ ဦးရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်တော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဗိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အဝယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလှိုင်၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊
အတူးသတင်းထောက် - ဆုနှင်းလွဲ၊

ရှေ့ဖုံးမှ

သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့သော်လည်း ကြံ့ကြံ့ခံပြီး ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ စွမ်းဆောင်ရည်ကိုလည်း ချီးကျူးအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အလျောက် ရရှိပြီး တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံးက လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာများ အကောင်အထည်ဖော်နိုင်မှုသည် မြန်မာ-ထိုင်း နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်လည်း အကျိုးကျေးဇူးများရရှိမည်ဖြစ်

ဗန်ကောက် ဒီဇင်ဘာ ၁၄

ပဋ္ဌမအကြိမ် မြန်မာ - ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် St. Regis Hotel ၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာဆွန်ကစ်ဂျာတုဆရီပီတက် ဦးဆောင်သည့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) အားသတ်မှတ်ကာလအတွင်းပြီးစီးအောင်တည်ဆောက်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ အစုရှယ်ယာဈေးကွက်ကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် ဆောလျင်စွာ အကောင်အထည် ဖော်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အတူ ထိုင်းနိုင်ငံ ပို့ဆောင်ရေး၊ ဘဏ္ဍာရေးနှင့် စွမ်းအင်ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံးအမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ထို့နောက် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆိုင်ရာ ပဋ္ဌမအကြိမ် မြန်မာ - ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာဆွန်ကစ်ဂျာတုဆရီပီတက် ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် ပူးတွဲအဆင့်မြင့်ကော်မတီဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာနှင့်ထိုင်းနှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးပွားစေသည့် စကြီ်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီက လမ်းညွှန်မှုပြုခဲ့သည့်အတိုင်း ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင် အထည်ဖော်ရာ၌ မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင် Memorandum of Intent ကို မဲခေါင် - ဂျပန်ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်သည် အရွယ်အစားကြီးမားပြီး ရေနက်ဆိပ်ကမ်း၊ အဝေးပြေးလမ်း၊ အကြီးစားစက်မှုလုပ်ငန်း စသည်တို့ ပါဝင်မည်ဖြစ်သည့်အတွက် ဂျပန်နိုင်ငံပါဝင်လာခြင်းဖြင့် စီမံကိန်းအကောင်အထည်ဖော်မှု ပိုမိုထိရောက်မြန်ဆန်လာမည် ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်သည် မဲခေါင်ဒေသတောင်ပိုင်း စီးပွားရေးစကြီ်ကို အိန္ဒိယသမုဒ္ဒရာနှင့် ဆက်သွယ်ထားသည့် သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးလမ်းကြောင်းဖြစ်သည်နှင့်အညီ မဲခေါင်-အိန္ဒိယ စီးပွားရေးစကြီ်၏ ဆက်သွယ်မှုအဖြစ်လည်းတည်ရှိနေပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာများ အကောင်အထည်ဖော်နိုင်မှုသည် မြန်မာ-ထိုင်းနှစ်နိုင်ငံအတွက်သာမက ဒေသတွင်း နိုင်ငံများအတွက်လည်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစီအစဉ်အရ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆိုင်ရာ စတုတ္ထအကြိမ် မြန်မာ - ထိုင်း ပူးတွဲ အဆင့်မြင့်ကော်မတီအစည်းအဝေး မှတ်တမ်းအကျဉ်းချုပ်အားတင်ပြခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးအဆင့် အကောင်အထည်ဖော်ရေးအတွက် ကြိုတင်လုပ်ဆောင်မှုများ၏ အဓိကတိုးတက်မှု အခြေအနေများအားဆွေးနွေးခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်၌ မြန်မာနိုင်ငံသုံးကျပ်ငွေနှင့် ထိုင်းနိုင်ငံသုံးဘတ်ငွေ မူဝါဒဆိုင်ရာကိစ္စရပ် တိုးတက်မှုအခြေအနေများအား ဆွေးနွေးခြင်း၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင် ရင်းနှီးမြှုပ်နှံနိုင်ရန် ဆောင်ရွက်ပေးမည့် ပင်မကုမ္ပဏီဖြစ်သည့် Special Purpose Vehicle (SPV)၏ အစုရှယ်ယာရှင်များ သဘောတူညီချက်၌ ဂျပန်နိုင်ငံပါဝင်မှုနှင့် ဆဋ္ဌမအကြိမ်ပြုလုပ်မည့် ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေး ကျင်းပရန်နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းများကို နှစ်ဖက်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ အစုရှယ်ယာရှင်များ သဘောတူညီချက်နှင့် မူဘောင်သဘောတူညီချက် (Shareholder Agreement and Framework Agreement) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းလှေ့ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပဋ္ဌမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး မစ္စတာ အာခွန်တမ်ပီရာပိုင်စစ်နှင့် ဂျပန်နိုင်ငံ လူမှုအခြေခံအဆောက်အအုံ တည်ဆောက်မှုဘဏ္ဍာရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ယိုဆူကီဝါ တနာဘေး တို့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံး ထည့်သွင်းကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မလေးရှားအိုလံပစ်ကော်မတီအနေဖြင့် မြန်မာ့ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

"မြန်မာ့ရိုးရာခြင်းလုံးအားကစားကို အခုဆိုရင် အာရှနိုင်ငံများကပါ ပိုပြီးစိတ်ဝင်စားလာတာ တွေ့ရတယ်။ အခုလိုအာရှနိုင်ငံများက စိတ်ဝင်စားမှုပိုများလာ တာဟာ အခုလာမယ့် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် (၂၉)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲမှာ ပါဝင်နိုင်ဖို့ ရာနှုန်းပြည့်အထောက်အကူဖြစ်ခဲ့တယ်"ဟု အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌသည် ဒီဇင်ဘာ ၁၁ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လာမည့် (၂၉)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစား ထည့်သွင်းကျင်းပနိုင်ရေး မလေးရှားအိုလံပစ်ကော်မတီ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ မလေးရှားပိုက်ကျော်ခြင်း ဥက္ကဋ္ဌနှင့်အတူ ကမ်ဘာ့ပိုက်ကျော်ခြင်းအတွင်းရေးမှူးများတက်ရောက်သော အစည်းအဝေးတွင် မြန်မာ့ရိုးရာပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ၌ ပါဝင်ထည့်သွင်းကျင်းပနိုင်ရေးဆွေးနွေးခဲ့ရာ အာရှနိုင်ငံများက ပိုမိုစိတ်ဝင်စားလာသဖြင့် အောင်မြင်မှုများရရှိခဲ့သည်။ လာမည့် (၂၉)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားအဖွဲ့အနေဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သည်။

"ကျွန်တော်တို့ မြန်မာ့ရိုးရာခြင်းလုံးအနေနဲ့ အခုအဖွဲ့ချုပ်လက်ထက်မှာ တော်တော်လေးတိုးတက်လာပြီး နိုင်ငံတကာကလည်း အသိအမှတ်ပြုလာတာတွေ့ရတယ်။ အခုလည်း လာမယ့်ဆီးဂိမ်းမှာ မြန်မာ့ရိုးရာခြင်းလုံးအနေနဲ့ အထိုက်အလျောက်တော့ အောင်မြင်မှုရရှိမှာပါ။ ဘာလို့လဲ ဆိုတော့ ပြီးခဲ့တဲ့ဆီးဂိမ်း နှစ်ကြိမ်လုံးမှာ အောင်မြင်မှုရရှိထားသလို နိုင်ငံတကာရဲ့ အသိအမှတ်ပြုခြင်းခံထားရတယ်။ ရိုးရာခြင်းလုံးမျိုးဆက်သစ်တွေအနေနဲ့ ဒီထက်အခွင့်အလမ်းကောင်းတွေရရှိဖို့ ပိုများလာမှာပါ"ဟု ရိုးရာခြင်းလုံးဝါသနာရှင် ဦးမောင်နုက ပြောသည်။

မြန်မာ့ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ်က အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ပါဝင်ထည့်သွင်း ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း မြန်မာ့ရိုးရာခြင်းလုံးအားကစားအဖွဲ့အနေဖြင့် ဒုတိယအကြိမ် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ အထိုက်အလျောက် အောင်မြင်မှုများရရှိခဲ့သည်။ ထို့ကြောင့် အဖွဲ့ချုပ်အနေဖြင့် လာမည့်(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာခြင်းလုံးအားကစား ပါဝင်ထည့်သွင်းကျင်းပရေး မလေးရှားနိုင်ငံသို့ သွားရောက်ဆွေးနွေးခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

(ကြေးမုံ)

ဂျာမနီသို့ ဒုက္ခသည်များဝင်ရောက်မှု သိသိသာသာလျှော့ချရန် ဝန်ကြီးချုပ် မာကဲလ်လိုလား

ကားလ်ရူဟဲ (ဂျာမနီ) ဒီဇင်ဘာ ၁၄

ဂျာမနီနိုင်ငံသို့ ဝင်ရောက်လာမည့် ဒုက္ခသည်ဦးရေကို သိသိသာသာ လျှော့ချသွားရန် မိမိလိုလားကြောင်း ဝန်ကြီးချုပ် အိန်ဂျလာ မာကဲလ်က ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားလိုက်သည်။

ဝန်ကြီးချုပ် မာကဲလ်သည် ၎င်း၏ ခရစ်ယာန် ဒီမိုကရက်တစ်သမဂ္ဂ(စီဒီယူ) ပါတီညီလာခံအကြိုနေ့တွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဝန်ကြီးချုပ် မာကဲလ်သည် ဒုက္ခသည်များအား တံခါးဖွင့်ပေးသည့် မူဝါဒကို ကျင့်သုံးနေသည်ဟု စီဒီယူပါတီအတွင်းမှ ဝေဖန်မှုများ ပေါ်ထွက်ခဲ့ပြီးနောက် တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံသို့ ဒုက္ခသည်များဝင်ရောက်မှုကို ခွင့်ပြုရာတွင် ကန့်သတ်ချက်တစ်ရပ်ဖြင့် ဆောင်ရွက်ရန် စီဒီယူပါတီ၏ ကွန်ဆာဗေးတစ်များက တောင်းဆိုခဲ့ကြသည်။

ဂျာမနီနိုင်ငံ၌ ခိုလှုံခွင့်တောင်းခံသော ဒုက္ခသည်ဦးရေမှာ ယခုနှစ်တွင် တစ်သန်းအထိရှိမည်ဟု မျှော်လင့်ရသည်။

ခိုလှုံခွင့်တောင်းခံသူ ဒုက္ခသည်များအရေးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို အလေးပေးရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ နိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် ဒုက္ခသည်ဦးရေကို သိသိသာသာ လျှော့ချရန် လိုအပ်မည်ဖြစ်ကြောင်း မာကဲလ်က အေအာရဲဒီ ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ဒီဇင်ဘာ ၁၄ ရက်တွင် နိုင်ငံတောင်ပိုင်း ကားလ်ရူဟဲမြို့၌ စီဒီယူ ပါတီညီလာခံကို ကျင်းပခဲ့သည်။

နှစ်ရက်ကြာ ကျင်းပမည့် ပါတီညီလာခံတွင် ဒုက္ခသည်များ ပြဿနာကို

အချေအတင်ဆွေးနွေးရန် စီစဉ်ထားသည်။

ထိုစဉ်အတွင်း ဒုက္ခသည်အရေးကိုင်တွယ်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ မာကဲလ်အား ပြည်သူများထောက်ခံမှု ကျဆင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

တရုတ်နိုင်ငံ ယူနန်စီရင်စုရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဂက်စ်အိုးပေါက်ကွဲ၊ လူ ၂၁ ဦး ဒဏ်ရာရ

ကူမင်း ဒီဇင်ဘာ ၁၄

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်စီရင်စုရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဂက်စ်အိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရ ရဲအရာရှိများက ဆိုသည်။

ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ဂက်စ်အိုးများတင်ဆောင်လာသော ဂက်စ်အိုးများ လိုက်လံဖြန့်ဝေသည့်ကားတစ်စီးသည် ခေါက်ဆွဲဆိုင်တစ်ဆိုင်၏ တံခါးဝတွင် ရပ်တန့်ခဲ့သည့်အချိန်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ကားပေါ်တင်ဆောင်လာသည့် အခြားသောဂက်စ်အိုးများကို နောက်ထပ်ကားတစ်စီးပေါ်သို့ ရဲများက ရွှေ့ပြောင်းပေးခဲ့ရသည်။

"မီးသတ်ကားတွေရောက်လာပြီး မီးငြိမ်းသတ်နိုင်ခဲ့ပါတယ်။ စားသောက်ဆိုင်ထဲကနေ လူတွေအများကြီး ထွက်ပြေးခဲ့ကြတယ်။ လက်တွေ၊ ခေါင်းတွေမှာလည်း သွေးတွေ ပေနေတယ်"ဟု မျက်မြင်သက်သေတစ်ဦးက ဆိုသည်။

အခင်းဖြစ်ရာနေရာသို့ လူနာတင်ယာဉ်များ ရောက်ရှိလာပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သော စားသုံးသူများ၊ ဆိုင်ဝန်ထမ်းများအပါအဝင် လမ်းဖြတ်သွားသူများကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ရပြီး ကျန်လူများမှာ ထိခိုက်ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ကြောင်း ရဲအရာရှိများကဆိုသည်။ **ဆင်ဟွာ။**

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား လွတ်လပ်သော ကုန်သွယ်ရေးဆွေးနွေးပွဲစတင်

တိုကျို ဒီဇင်ဘာ ၁၄

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် သုံးပွင့်ဆိုင် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် ဂျပန်နိုင်ငံ၌ ဒီဇင်ဘာ ၁၄ ရက်တွင် ဆွေးနွေးပွဲကို စတင်ကျင်းပကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ငါးရက်ကြာ ကျင်းပမည့် အဆိုပါဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အိမ်နီးချင်း သုံးနိုင်ငံဖြစ်ကြသော ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များသည် သုံးပွင့်ဆိုင်ကုန်သွယ်ရေး စာချုပ်တစ်ရပ်ကို အမြန်ဆုံးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် နိုဝင်ဘာလ အစောပိုင်းက သဘောတူညီခဲ့ကြပြီးနောက် အဆိုပါဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

မြို့တော်တိုကျို အနောက်ဘက် ကန်နာဂါဝါ စီရင်စု ဟာကုနိုးမြို့၌ နဝမအကျော့ ကုန်သွယ်ရေးဆွေးနွေးပွဲကို ကျင်းပလျက်ရှိသည်။ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ကမ္ဘာ့စီးပွားရေးတွင် ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိသည်။ ဒေသဆိုင်ရာကုန်သွယ်ရေးသဘောတူစာချုပ်ရရှိရန် အဆိုပါသုံးနိုင်ငံမှ နိုင်ငံခေါင်းဆောင်များ အားလုံးက တိုက်တွန်းအားပေးလျက်ရှိသည်။

တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို သဘောတူညီခဲ့ကြပြီးဖြစ်သည်။ ဂျပန်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာဖြတ် မိတ်ဖက်ပြုဆောင်ရွက်ရေး စာချုပ်(တီပီပီ)ဟု အမည်ပေးထားသော ပစိဖိတ် နှုတ်ခမ်းသတ်နိုင်ငံများ၏ ကုန်သွယ်ရေး သဘောတူညီချက်ကို မကြာသေးမီက အခြားနိုင်ငံ ၁၁ နိုင်ငံနှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။

တီပီပီစာချုပ်၌ ပါဝင်ရန် တောင်ကိုရီးယားနှင့် အခြားသော အာရှနိုင်ငံအချို့ စိတ်ဝင်စားလျက်ရှိကြသည်။ တရုတ်နိုင်ငံမှာမူ ယင်းစာချုပ်၌ ပါဝင်ရန် သင့်၊ မသင့် အလေးအနက် ချိန်ဆလျက်ရှိသည်။ **ကျိုဒို။**

တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားကျွန်းစုပေါ်၌ လောင်စာဆီဖြည့်စခန်းနှင့် သိုလှောင်ကန် တရုတ်တည်ဆောက်နေ

ပေကျင်း ဒီဇင်ဘာ ၁၄

တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားရေပိုင်နက်တွင် ယင်း၏ အရပ်ဘက်သုံး အခြေခံအဆောက်အအုံ ဆက်လက်တိုးချဲ့မှုအဖြစ် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းတစ်ကျွန်းပေါ်၌ တရုတ်နိုင်ငံ၏အဓိကရေနံကုမ္ပဏီ စီနိုပက်ဝ်က လောင်စာဆီဖြည့်တင်းရေးစခန်းတစ်ခု တည်ဆောက်လျက်ရှိကြောင်း သတင်းများအရ သိရသည်။

ပါရာဆယ်ကျွန်းစု ပူဒီကျွန်းပေါ်ရှိ လောင်စာဆီဖြည့်တင်းရေးစခန်းနှင့်သိုလှောင်ကန်မှာ တည်ဆောက်ရန် အချိန်တစ်နှစ်ကြာမည်ဖြစ်ကြောင်း စီနိုပက်ဝ်က ယင်း၏ မိုက်ခရိုဘလော့ဂ်၌ ပြောကြားသည်။ ပူဒီကျွန်းမှာ အကြမ်းဖျင်းအားဖြင့် လူဦးရေ ၁၀၀၀ ဝန်းကျင်ရှိပြီး တရုတ်ခရီးသွားကုမ္ပဏီများက ၂၀၁၃ ခုနှစ်တွင် ကျွန်းစု ၄၀ နီးပါး၊ ကျောက်စွန်းများနှင့် ကျောက်တန်းများရှိရာ ပါရာဆယ်ကျွန်းစုသို့ ငါးရက်ကြာအပျော်ခရီးဝန်ဆောင်မှုများ စတင်ဆောင်ရွက်ပေးခဲ့သည်။ လောင်စာဆီဖြည့်တင်းရေးစခန်းနှင့် သိုလှောင်ကန်သည် လာမည့်နှစ်အနည်းငယ်အတွင်း တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံ ထိန်းချုပ်ထားရာကျွန်းများပေါ်ရှိ ပြည်သူများ၏ လောင်စာဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း သိရသည်။

တောင်ဗီယက်နမ်ရေတပ်နှင့် စစ်ပွဲဖြစ်ပွားပြီးနောက် ၁၉၇၄ ခုနှစ်တွင် ပါရာဆယ်ကျွန်းစုကို တရုတ်နိုင်ငံက အပြည့်အဝထိန်းချုပ်ခဲ့သည့်အချိန်မှစပြီး အငြင်းပွားမှုဖြစ်ရပ်များဖြစ်ပွားခဲ့သည်။ တစ်နှစ်လျှင် ပင်လယ်ရေကြောင်းကုန်သွယ်မှု ငါးထရီလီယံကျော်ဖြတ်သန်းရာ တောင်တရုတ်ပင်လယ်အတွင်းရှိ စွမ်းအင်ကြွယ်ဝသော ရေပိုင်နက်အားလုံးနီးပါးကိုပိုင်ဆိုင်သည်ဟု တရုတ်နိုင်ငံက အခိုင်အမာပြောကြားထားသကဲ့သို့ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် တရုတ်(တိုင်ပေ)တို့ကလည်း ပိုင်ဆိုင်သည်ဟု ဆိုသည်။ အမေရိကန်ပြည်ထောင်စုက ပါရာဆယ်ကျွန်းစုတောင်ဘက် အငြင်းပွား စပရက်တလီကျွန်းစုပေါ်၌ ပေကျင်း၏ ကျွန်းတုများတည်ဆောက်မှုကို ပြစ်တင်ဝေဖန်ခဲ့ပြီး ယင်းကျွန်းစုများအနီးတွင် ရေပြင်နှင့်ဝေဟင်ကင်းလှည့်စောင့်ကြပ်မှုများ ပြုလုပ်ခဲ့သည်။ တရုတ်ရေတပ်သည် မကြာသေးမီရက်များက အငြင်းပွားရေပိုင်နက်အတွင်း လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ယင်းလုပ်ရပ်မှာ ပုံမှန်လေ့ကျင့်မှုသာဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။ **ရိုက်တာ။**



X-ray ဓာတ်ရောင်ခြည် နက္ခတ္တဗေဒဆိုင်ရာဂြိုဟ်တု ဂျပန်လွှတ်တင်မည်

တိုကျို ဒီဇင်ဘာ ၁၄

ဂျပန်နိုင်ငံက အာကာသဖြစ်တည်မှုနှင့် အာကာသလေဟာနယ် ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲမှုများကို လေ့လာရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် X-ray ဓာတ်ရောင်ခြည် နက္ခတ္တဗေဒဆိုင်ရာဂြိုဟ်တုတစ်စင်းကို ဂြိုဟ်တုသယ်ဆောင်ရေးအာကာသဒုံးပျံယာဉ် H-2A ဖြင့် လာမည့်နှစ် ဖေဖော်ဝါရီလတွင် လွှတ်တင်သွားမည်ဖြစ်သည်။

မစ်ဆူဘီရှိဟဲဗီးစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီတို့က နံပါတ် ၃၀ ဂြိုဟ်တုလွှတ်တင်ရေးအာကာသယာဉ် (H-2A F30) ဖြင့် X-ray ဓာတ်ရောင်ခြည်နက္ခတ္တဗေဒဆိုင်ဂြိုဟ်တု ASTRO-H ကို ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိရှိမာစီရင်စု တန်ဂါရှိမာအာကာသဗဟိုဌာနရှိ ယိုရှိနိုဘူ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ဂြိုဟ်တုလွှတ်တင်ရေးတွင် နှောင့်နှေးကြန့်ကြာမှုများရှိပါက လွှတ်တင်မည့် အချိန်ကို နေ့အလိုက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်းနှင့် လွှတ်တင်မည့်ကာလကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၉ ရက်ထိဖြစ်ကြောင်း ဂျပန်အာကာသစူးစမ်းလေ့လာရေး အေဂျင်စီက ပြောကြားသည်။

ASTRO-H ဂြိုဟ်တုသည် အာကာသထဲရှိ စူးရှတောက်ပလင်းလက်နေသည့် ကြယ်တာရာများ၊ အစုအဝေးလိုက်တည်ရှိနေသော ကြယ်စင်စုများ၊ အာကာသလေဟာနယ်၏ မြင့်မားသောအပူချိန်နှင့် အားကောင်းသော စွမ်းအင်များကို X-ray ဓာတ်ရောင်ခြည်နှင့် ဂမ္မာဓာတ်ရောင်ခြည်များဖြင့်လေ့လာပြီး အာကာသဖြစ်တည်မှုနှင့် အာကာသဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များကို စူးစမ်းလေ့လာသွားမည့် နက္ခတ္တဗေဒဆိုင်ရာ ဂြိုဟ်တုတစ်စင်းဖြစ်သည်။

အာကာသမှ X-ray ဓာတ်ရောင်ခြည်နှင့် ဂမ္မာဓာတ်ရောင်ခြည်သည် ကမ္ဘာ့လေထုထဲတွင်သာ တည်ရှိသည့်အတွက် အဆိုပါဓာတ်ရောင်ခြည်များကို ကမ္ဘာမြေပေါ်တွင် လေ့လာစောင့်ကြည့်မှုမပြုလုပ်နိုင်ပေ။ ထို့ကြောင့် အာကာသအတွင်း လေ့လာစောင့်ကြည့်မှုပြုလုပ်ရန် လိုအပ်သည်။

၁၄ မီတာ ရှည်လျားသည့် ASTRO-H သည် ဂျပန်နိုင်ငံ၏ ဆဋ္ဌမမြောက် X-ray ဓာတ်ရောင်ခြည် လေ့လာစောင့်ကြည့်ရေးဂြိုဟ်တုဖြစ်ပြီး ယခုလောလောဆယ် အာကာသထဲတွင်ရှိနေသော ဆူဇာကူဂြိုဟ်တု၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းထမ်းဆောင်မည်ဖြစ်သည်။

ဆင်ဟွာ။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ရောဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဒီဇင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရောဝဏ်နှင့် ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး အိမ်ရာစီမံကိန်းနှင့် ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အိမ်ရာစီမံကိန်း ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူတို့၏ နေထိုင်ရေး အဆင်ပြေစေရန် အိမ်ရာများ ဆောက်လုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ စီစဉ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီများ ပါဝင်၍ တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်းပြည်သူတို့၏ နေရေးအတွက် အိမ်ရာစီမံကိန်းများ ဆောင်ရွက်သကဲ့သို့ မြို့တွင်းသွားလာရေး လွယ်ကူအဆင်ပြေစေရန် ခုံးကျော်တံတားများအား တည်ဆောက်ပေးလျက်ရှိသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ယခု ရောဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုတင်မျှော်မှန်း၍ နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်အား ဖွဲ့စည်း တည်ထောင်ပေးထားခဲ့ကြောင်း၊ နှစ်စဉ်လူဦးရေတိုးတက်နှုန်းများနှင့် နေထိုင်ရန် အဆောက်အအုံများ လိုအပ်ချက်များရှိနေမည်သာဖြစ်ပါ၍ စီမံကိန်းလုပ်ငန်းများအား ဆက်လက်ပြီး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ရောဝဏ်နှင့် ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလုပ်ငန်းများတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ချုပ်က အိမ်ရာစီမံကိန်းဆိုင်ရာ အချက်အလက်များဌာနမှ ဆောင်ရွက်သည့် ပထမဦးစားပေးအဆောက်အအုံ ၁၁ လုံး ဆောင်ရွက်ပြီးစီးမှု၊ ကုမ္ပဏီများမှ ဆောင်ရွက်သည့် ဒုတိယဦးစားပေး ၃၈ လုံးတို့၏ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီး ဦးစိုးတင့်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လိုအပ်သည်များမှာကြားပြီး စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

OOO

ယခုနှစ်အတွင်း မြိတ်ခရိုင်၌ သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးမှုမြင့်တက်

မြိတ် ဒီဇင်ဘာ ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ဦးရေ ယခုနှစ်တွင် လူပေါင်း ၁၁၀၀ ခန့်ဖြစ်ပွားခဲ့ပြီး ယနေ့အထိ သေဆုံးသူ ၅၀ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဌက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဌာနမှ သိရသည်။ ယင်းအရေအတွက်သည် ယမန်နှစ်ကထက် သုံးဆခန့်မြင့်တက်လာခြင်းဖြစ်ပြီး သေဆုံးသူအရေအတွက်လည်း မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ရက်မှ ဇွန် ၁၃ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအများဆုံးမှာ အသက်ငါးနှစ်မှ ကိုးနှစ်အတွင်း ဖြစ်ပွားသူ စုစုပေါင်း ၃၉၆၇ ဦးရှိကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ စ၄၀၀ ကျော်ရှိသည်။

"မနှစ်ကထက်တော့များတယ်။ သေဆုံးမှုရှိလာတာက ဗိုင်းရပ်စ်ကြောင့် ဖြစ်တာမျိုးမှာ ကာကွယ်တဲ့အပိုင်းကိုပဲ အဓိကထားကုသရတာပါ။ ပျောက်တဲ့ဆေးတော့မရှိဘူး။ မဖြစ်အောင်ကြိုတင်ကာကွယ်လို့ရတဲ့ အနေအထားပဲရှိတယ်။ အဖြစ်များတဲ့ အသက်အရွယ်က သုံးနှစ်ကနေ (၁၅)နှစ်အတွင်းပါ။ ဒီနှစ်တွေမှာတော့ အရင်က နိုင်ငံခြားမှာပဲဖြစ်တဲ့ လူကြီးအရွယ်တွေမှာတောင် ဖြစ်လာတာတွေ့ရတယ်။ သွေးလွန်တုပ်ကွေးစဖြစ်တုန်းက မြိတ်မြို့မှာပဲဖြစ်ပြီး နောက်ပိုင်းနယ်တွေမှာပါဖြစ်လာတယ်။ တစ်ပြည်လုံးပျံ့နှံ့လာတဲ့သဘောရှိတယ်" ဟု ဆရာဝန်တစ်ဦးက ပြောသည်။

၂၀၁၅ ခုနှစ် မေလအတွင်း ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ နှစ်ပေါင်း ၇၀ ကျော် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားခဲ့သည့် ဂျပန်နိုင်ငံတွင်ပင် ယခုဖြစ်ပွားလာကြောင်း ထုတ်ပြန်ထားပြီး ယခုနှစ်ပိုင်းတွင်ဖြစ်ပွားမှုများလာသည့် လူကြီးသွေးလွန်တုပ်ကွေး ပိုင်းရပ်စ်ကြောင့် ဂရုစိုက်နေထိုင်ရန် အရေးကြီးကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုမှာ နှစ်စဉ် ၁၀၀၀၀ ကျော်ခန့်ရှိပြီး ၆၀ခန့် သေဆုံးလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ဖွားသော အေးဒီးစ်(ခေါ်) ခြင်ကျား(ခြင်ပုန်း) ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်ပြီး မြန်မာနိုင်ငံတွင် အသက်သုံးနှစ်မှ ရှစ်နှစ်အရွယ်တွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လူကြီးများတွင်လည်းဖြစ်ပွားကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကပ်ရောဂါအသွင်ဖြင့် ၁၉၇၀ပြည့်နှစ်က မြန်မာနိုင်ငံ၌ ရန်ကုန်မြို့တွင် စတင်ဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေတွင် ၂၀၁၃ ခုနှစ်၌ ဖြစ်ပွားသူ သုံးသန်းကျော်ရှိပြီး ၎င်းတို့အနက်မှ ရောဂါပြင်းထန်သူ ငါးသိန်းခန့်ရှိပြီး သေဆုံးသူ ၁၂၅၀၀ ခန့်ရှိသည်ဟု သိရသည်။

ကျော်ကျော်(မြိတ်)

အမြန်လမ်း မိုင်တိုင်အမှတ်(၂၉၈) အနီး ခရီးသည်တင်ယာဉ်တစ်စီးတိမ်းမှောက်၍ ခရီးသည် ၁၅ ဦးဒဏ်ရာရ

မိတ္ထီလာ ဒီဇင်ဘာ ၁၄

မိတ္ထီလာမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၉၈) မိုင်အနီး ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသော ခရီးသည်တင် ယာဉ်တစ်စီးသည် ယနေ့ နံနက် ၄ နာရီ ၂၅ မိနစ်ခန့်က တိမ်းမှောက်မှုဖြစ်ပွားပြီး ယာဉ်မောင်းအပါအဝင် ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်းဦးထွန်းမြင့် မောင်းနှင်လာသည့် ခိုင်မန္တလေး ခရီးသည်တင်ယာဉ် အမှတ် 3D/--- ယာဉ်မှာ ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာစဉ် အမြန်လမ်း မိုင်တိုင်အမှတ်(၂၉၅) မိုင် ၇ ဖာလုံ) အရောက်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းအပါအဝင် ခရီးသည်အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရရှိသူများကို မိတ္ထီလာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယ တပ်ရင်းမှူးဦးနေဦးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ကူညီ၍ ခရိုင်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ပြင်ပလူနာဌာနသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

OOO

မြန်မာနိုင်ငံစာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲဖိတ်စာထုတ်ယူရန် နှိုးဆော်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် ၁၃၇၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ဒီဇင်ဘာ ၁၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးစာပေပညာရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းများ တက်ရောက်နိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများသည် ဒီဇင်ဘာ ၁၅ ရက်မှစ၍ အမှတ် (၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်းရုံးတွင် ဖိတ်စာများ ထုတ်ယူရန်နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတများ တိုးမြှင့်နိုင်စေရေးအတွက် ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်အတွင်း ဆွီဒင်နိုင်ငံအခြေစိုက် Raoul Wallenberg Institute ၏ ရန်ပုံငွေပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ လေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌ နှစ်မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်မြို့နယ်စုစုပေါင်း ရှစ်မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းအသီးသီးမှ စိတ်ပါဝင်စားသူ ၅၀ တက်ရောက်ကြသည်။ ထို့အတူ ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ (၁၀) ကြိမ်မြောက်ကို ဒီဇင်ဘာ ၁၁ ရက်တွင် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အရပ်ဘက် လူမှုအဖွဲ့အစည်းအသီးသီးမှ စိတ်ပါဝင်စားသူ ၅၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲများတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များကို ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ အုပ်စုဖွဲ့၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဖိလစ်ပိုင်အစိုးရမှ လျှုဒါန်းငွေ လွှဲပြောင်းပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဖြစ်ပွားခဲ့သည့် ရေကြီး ရေလွှမ်းမှုများကြောင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၇၇၄၉ ဒသမ ၉၀ သို့မဟုတ် မြန်မာငွေကျပ် ၁၂၆၂၀၆၃၆၂ ဒသမ ၁၄ ကို ဒီဇင်ဘာ ၈ ရက်တွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ လွှဲပြောင်းပေးပို့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ယခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းမှ တရားမဝင်သစ် တန်သုံးသောင်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း သစ်တောသယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံအတွင်းရှိ သစ်တောသယံဇာတများအား ယခုလက်ရှိနှင့်နောင်လာနောက်သားများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး စနစ်တကျ စီမံအုပ်ချုပ်လျက်ရှိပြီး တရားမဝင် သစ်ထုတ်ယူသယ်ဆောင်မှုများကိုလည်း ပြည်သူလူထုပူးပေါင်းပါဝင်ကာ အရှိန်အဟုန်ဖြင့် ဖမ်းဆီးဖော်ထုတ် အရေးယူလျက်ရှိကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရေးလုပ်ငန်းများကို စီမံချက်များ ချမှတ်၍ ဌာနအစီအစဉ်နှင့်ဖြစ်စေ၊ အခြားသော သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ဖြစ်စေ ဖမ်းဆီးဖော်ထုတ်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ တရားမဝင်သစ်ဖမ်းဆီးရမိမှု စုစုပေါင်းမှာ ကျွန်းသစ် ၁၁၀၁၆ တန်ကျော်၊ သစ်မာ ၆၃၆၆ တန်ကျော်နှင့် အခြားသစ် ၁၃၄၄၉ တန်ကျော် စုစုပေါင်း တရားမဝင်သစ် တန် သုံးသောင်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

ကျောင်းသား ကျောင်းသူလေးများ လူကုန်ကူးမှုမခံကြရလေအောင်

မောင်သန္တာ
(ရေနေ)

စီးပွားရေးလုပ်ငန်း

ယခုအခါတွင် ကမ္ဘာအနှံ့အပြား၌ လူကုန်ကူးမှုကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်လာကြသည်ကို တွေ့ရပါသည်။ လူကုန်ကူးမှုများကို လေ့လာကြည့်လျှင် လူပွဲစားများက တစ်ဦးနှင့်တစ်ဦး လက်လွှဲရောင်းစားခြင်း၊ အချို့အလုပ်သမားများကို လိမ်လည်လှည့်ဖြားကာ အဓမ္မခိုင်းစေခြင်း၊ ဆေးကုသခွင့် မပေးခြင်း၊ အစာရေစာ ဝလင်အောင်မကျွေးခြင်း၊ တရားမဝင် ချုပ်နှောင်ခြင်း၊ ပင်လယ်ပြင်အတွင်းသို့ ပစ်ချခံရခြင်းစသည့် အကြမ်းဖက်မှု မျိုးစုံကို ကြုံတွေ့ရခြင်း၊ အမျိုးသမီးများအား ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေခြင်း၊ မတရားချုပ်နှောင်ထားခြင်းတို့ ပြုလုပ်ကြသည်။ လူလူချင်း တိရစ္ဆာန်ကဲ့သို့ ပြုမူဆက်ဆံခြင်းများကြောင့် လူကုန်ကူးခံရသူများ ဒုက္ခပေါင်းစုံနှင့် ကြုံတွေ့ကြရကြောင်း မှုခင်းမှတ်တမ်းများ၊ သတင်းဓါဒီယာများမှတစ်ဆင့် တွေ့မြင်သိရှိနေရ၍ များစွာသော စိတ်မချမ်းသာမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

မြန်မာများအား ကယ်တင်ခြင်း

တစ်လောက၊ တစ်လောကဆိုသည့်နေရာတွင် လွန်ခဲ့သည့် နိုဝင်ဘာ ၉ ရက်က ထိုင်းနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ထိုင်းတပ်မတော်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သည့် အဖွဲ့က ထိုင်းနိုင်ငံ စမုစာကွန်ခရိုင်မှ စက်ရုံတစ်ရုံအား ဝင်ရောက် ရှာဖွေစစ်ဆေးခဲ့ကြောင်း၊ လူကုန်ကူးပွဲစားများနှင့် ထိုင်းသူဌေးတို့ ပူးပေါင်းကာ အလုပ်ရုံအတွင်းတွင်လျှောင်ပိတ်ပြီး အတင်းအကျပ်အလုပ်ခိုင်းစေခြင်း ခံနေရသည့် မြန်မာနိုင်ငံသား ၈၀ ကျော်ကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ယင်းသို့ ကယ်တင်နိုင်ခြင်းတွင် အလုပ်ရုံက ထွက်ပြေးလွတ်မြောက်ခဲ့သူတစ်ဦးက သတင်းပေးသည့်အတွက် လူကုန်ကူးမှုကျူးလွန်သည့်အဖွဲ့ကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ကယ်တင်နိုင်ခဲ့သည့် မြန်မာနိုင်ငံသားများထဲတွင် မသက်မပြည့်သေးသည့် (၁၈ နှစ် မပြည့်သေးသည့်) လူငယ် ၁၈ ဦး ပါဝင်ကြောင်း၊ ယင်းလွတ်မြောက်လာသူများ၏ ပြောပြချက်များအရ အလုပ်သမား ဥပဒေတွင် အလုပ်သမားတစ်ဦးသည် တစ်နေ့ ၈ နာရီသာ အလုပ်လုပ်ရမည် ဖြစ်သော်လည်း တစ်နေ့ ၁၆ နာရီ အလုပ်လုပ်ရပြီး လုပ်ခအဖြစ် တစ်နေ့ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၀၀ (မြန်မာငွေ ၃၀၀၀)သာပေးကြောင်း၊ လုပ်အားခ မပေးသည့်နေ့များလည်းရှိကြောင်း၊ လုပ်အားခမရသူများ ထွက်ပြေးလျှင် ရိုက်နှက်ကြသည့်အတွက် အသက်ဆုံးရှုံးရသည့်ဖြစ်စဉ်များရှိသည်ဟု နိုဝင်ဘာ ၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှတ်တမ်းအရ တွေ့ရှိရပါသည်။

ကျောင်းသူလေးများ ပျောက်ဆုံးခြင်း

လွန်ခဲ့သော နိုဝင်ဘာ ၂၃ ရက်တွင်လည်း လူမမယ် ရှစ်တန်းကျောင်းသူ နှစ်ဦး ပျောက်ဆုံးသွားသည့်အတွက် မိဘများကသက်ဆိုင်ရာသို့တိုင်ကြားခြင်း၊ အမျိုးသမီးနှစ်ဦး၏ ဖခင်နှစ်ဦးကလည်း ပဲခူးမြို့ပေါ်တွင် ဓာတ်ပုံ၊ ကိုယ်ရေးအကြောင်းအရာအကျဉ်းတို့ကို ဗီနိုင်းရေးဆွဲ၍လည်ပင်းတွင် ချိတ်ဆွဲကာ ပူဆွေးနေသည့်မျက်နှာများဖြင့် မြို့တွင်းလှည့်လည်ပြီး ၎င်းတို့၏ သမီးလေးများကို ရှာပေးကြပါဟု မေတ္တာရပ်ခံရင်း ကလေးအကြောင်းအရာများ စာရိုက်ထားသည့် စာရွက်စာတမ်းများကိုဖြန့်ဝေခဲ့ကြောင်း၊ မကြာခင် သုံး၊ လေးရက်အတွင်း ယင်းကလေးနှစ်ဦးကို ဝေါမြို့တွင် ဆိုက်ကားသမားတစ်ဦးက တွေ့ရှိ၍ မိဘများထံ ပြန်ပို့ခဲ့ကြောင်း၊ ယခုလည်း ဓာတ်ပုံတွင် အင်မတန် ချစ်စရာကောင်းသော မေမြို့အောင်သုခရပ်ကွက် အမက(၉) တွင် ပညာသင်ကြားနေသော တတိယတန်းကျောင်းသူလေး အသက် (၉) နှစ်အရွယ် မဝင်းအိမော်သည် နေ့လယ် ထမင်းစားချိန်မှစ၍ ပျောက်ဆုံးလျက်ရှိကြောင်း၊ မိဘများစိတ်သောကခံစားနေရပါ၍ တွေ့ရှိက အကြောင်းကြားပေးကြပါဟု ဖခင် ဦးစံရွှေက ၎င်းအား ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကို ထည့်သွင်းဖော်ပြထားသည်ကို ဖေ့စ်ဘုတ်မှတ်တမ်းအရ တွေ့ရ၍ ကလေးမည်သည့် အန္တရာယ်မျှ မကျရောက်ပါစေနှင့်ဟု ဆုတောင်းနေရုံကလွဲ၍ မည်သို့မျှ မတတ်နိုင်သောအခြေအနေဖြစ်သည်။

အရေးတယူဆောင်ရွက်ခြင်း

လူကုန်ကူးမှုနှင့်ပတ်သက်၍ အကြောင်းအရာအချို့ကို ဖော်ပြလိုပါသည်။ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ရန် အလို့ငှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြား ခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေးသို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း စသည့် ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုကြောင်း၊ လူကုန်ကူးသူဆိုသည်မှာ ငွေကြေး သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးအမြတ်တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေရရှိရန်အလို့ငှာ ကြီးလေးသောပြစ်မှုကို ကျူးလွန်သူကိုဆိုကြောင်း၊ လူကုန်ကူးခံရသူဆိုသည်မှာ လူကုန်ကူးမှုကျူးလွန်ခြင်းခံရသူကိုဆိုကြောင်း၊ ကလေးသူငယ်ဆိုသည်မှာ အသက် (၁၆) နှစ် မပြည့်သေးသောသူကိုဆိုကြောင်း၊ လူငယ်ဆိုသည်မှာ အသက် (၁۶) နှစ် ပြည့်ပြီး အသက် (၁၈) နှစ် မပြည့်သေးသောသူကို ဆိုကြောင်း၊ ၂၀၁၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

နိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ခြင်းကို ဥပဒေပြဋ္ဌာန်း၍လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်း၍ လည်းကောင်း စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအထဲတွင် လူကုန်ကူးမှုများမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်မှု ပြုလုပ်ခြင်း ဖြစ်ပေါ်လာပါကလည်း ကျူးလွန်သူများကို တရားစွဲဆို၍ ထိရောက်စွာ အပြစ်ပေးစေခြင်း၊ လူကုန်ကူးမှု ခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူကုန်ကူးမှုမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ခြင်း ပြုလုပ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလုပ်ငန်းများ ပြုလုပ်ခြင်းလည်း ပါဝင်ပါသည်။

ဟောပြောခြင်း

လူကုန်ကူးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်မှုတစ်ရပ် အနေဖြင့် စာရေးသူက သတင်းစာ ဆရာ ဦးတာနိုင်(ခ) ဒီစိုးနှင့်အတူ နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်နေ့များ တွင် ရန်ကုန်မြို့ ဒဂုံ အထက(၁)၊ အထက(၂)၊အထက(၃)နှင့်အလက(၁) တို့မှ ကျောင်းသား ကျောင်းသူလေးများအား ပညာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးတို့၏ စီစဉ်ပေးမှုအရ ကျောင်းသား ကျောင်းသူလေးများ ယဉ်ကျေးသိမ်မွေ့ရေး၊ လူကုန်ကူးမှုမခံရရေးတို့ကို ဟောပြောခဲ့ပါသည်။

ယင်းသို့ ဟောပြောရာတွင် လူကုန်ကူးမှုဆိုသည်မှာ မည်မျှ စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းကြောင်း၊ လူကုန်ကူးခံရလျှင် မည်သို့မည်ပုံ အတိဒုက္ခများ ခံစားရကြောင်း၊ လူလူချင်း တိရစ္ဆာန်ကဲ့သို့ ပြုမူဆက်ဆံခြင်းခံရကြောင်း၊ လူကုန်ကူးမှုသည် မည်သည့်အကြောင်းကြောင့်ဖြစ်ပေါ်ရကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် လူကုန်ကူးမှုမခံရအောင် မိမိကိုယ်မိမိကာကွယ်ရမည်ဖြစ်ကြောင်း၊ မိမိကိုယ်မိမိသာ ကာကွယ်နိုင်ကြောင်း လူကုန်ကူးမှုမခံရအောင် မည်သည့်အချက်များကို ရှောင်ရှားရမည်ဖြစ်ကြောင်း စသည်ဖြင့် စသုံးလုံးဌာနတွင် ဆောင်ရွက်စဉ် စုံစမ်းစစ်ဆေးမှုများအရ သိရှိရချက်များ၊ ရှေ့နေဘဝတွင် လူကုန်ကူးသည့် အမှုများကို လိုက်ပါခြင်းဖြင့် တွေ့ရှိရသည့် အတွေ့အကြုံများနှင့်ယှဉ်၍ လူကုန်ကူးမှုကို ကျောင်းသား ကျောင်းသူလေးများအနေဖြင့် စက်ဆုပ်ရွံရှာသွားအောင်၊ နာကြည်းသွားအောင် လူကုန်ကူးမှုခံရလျှင် အတိဒုက္ခခံရကြောင်း၊ အသက်အန္တရာယ်ရှိကြောင်း စသည်ဖြင့် ကလေးများ မျက်စိထဲမြင်ယောင်လာပြီး လူကုန်ကူးသူများကို ရွံမုန်းသွားအောင် လူကုန်ကူးသူများတွေ့ရှိက အမျိုးသားရေးအမြင်ဖြင့် တိုက်ဖျက်သွားလိုသည့်စိတ်ဓာတ်မျိုး ပေါ်ပေါက်လာအောင် ဟောပြောခဲ့ပါသည်။

ပါဝင်သည့်အချက်များ

ကျောင်းသား ကျောင်းသူလေးများအား ပြောကြားခဲ့သည့်အချက်များတွင် ပါဝင်ခဲ့သည့်အချက်အချို့ကို ဖော်သည်ချလိုပါသည်။ မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပတွင် ဖမ်းဆီးရမိသော မြန်မာနိုင်ငံသားများ လူကုန်ကူးမှုခံရခြင်းနှင့်ပတ်သက်၍ လေ့လာရာတွင် လူကုန်ကူးခံရမှု ငါးမျိုးရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ အဓမ္မလက်ထပ်မှု၊ အဓမ္မစေခိုင်းမှု၊ ပြည့်တန်ဆာပြုစေခိုင်းမှု၊ ကလေးမွေးစားမှု၊ ကလေးရောင်းစားမှုဟူ၍ ဖြစ်ပါသည်။

အဓမ္မလက်ထပ်မှု

အဓမ္မလက်ထပ်မှုဆိုသည်မှာ လူကုန်ကူးသူများက မြန်မာနိုင်ငံမှ အမျိုးသမီးငယ်များကို နိုင်ငံခြားတိုင်းပြည်များသို့ ခေါ်ထုတ်သွား၍လည်းကောင်း၊ ပြည်တွင်းမှ ငွေကြေးတတ်နိုင်သူများ၏ လက်ထဲသို့လည်းကောင်း ပေးအပ်ရောင်းစားပြီး ငွေကြေးတတ်နိုင်သူများကလည်း အဓမ္မလက်ထပ်ပေါင်းသင်းခြင်း ဖြစ်ပါသည်။ ယင်းသို့ လက်ထပ်သည့်နေရာမှာလည်း အတည်အမြဲ လက်ထပ်ပေါင်းသင်းခြင်းမျိုးမဟုတ်ဘဲ ရိုးသွားလျှင်စွန့်ပစ်ပြီး ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သူများထံသို့ ထပ်ဆင့်ရောင်းချလိုက်ကြပါသည်။ အဓမ္မလက်ထပ်သူများအနေဖြင့် အမျိုးသမီးများ အသက်ငယ်လေ ကြိုက်လေဖြစ်ပါသည်။ ယင်းသို့ လူကုန်ကူးခံရသည့် အမျိုးသမီးငယ်များအနေဖြင့်လည်း အပျံသင်ဘဝ၊ လူ့လောကကို ဘာမျှမသိရှိသော ဘဝမှာ တောင်ပံကျိုးရသည့်ဘဝ၊ မိမိမချစ်မနှစ်သက်သောသူ၊ သက်ကြီး ရွယ်အိုများ၏ ထင်သလို ပြုမူဆက်ဆံခြင်းကို ခံစားရသည့်ဒုက္ခသည် မည်မျှကြီးမားသည်ကို စဉ်းစားတွေးခေါ်ရှုမြင်နိုင်ပါသည်။

အမျိုးသမီးများကို ဝယ်ယူပြီးနောက်တွင် လွတ်လွတ်လပ်လပ်နေခွင့်၊ သွားလာခွင့် ပေးထားခြင်းမဟုတ်ဘဲ အခန်းကျဉ်းလေးတစ်ခုထဲတွင် လျှောင်ပိတ်ထားပြီး အိမ်အလုပ်၊ ၎င်း၏ လုပ်ငန်းအလုပ်တို့တွင် မတရားခိုင်းစေလုပ်ကိုင်စေပါသည်။ လူကုန်ကူးခြင်းခံရသူများသည် လောကဇရဲကို အရှင်လတ်လတ်ကျသွားခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

အဓမ္မစေခိုင်းခြင်း

ပြည်တွင်းတွင်သော်လည်းကောင်း၊ ပြည်ပတွင်သော်လည်းကောင်း လူကုန်ကူးခံရသူများက လုပ်ငန်းရှင်ကို ရောင်းစားလိုက်ကြရာ လုပ်ငန်းရှင်ထားသည့် လေဝင်လေထွက်မရှိသည့် နံစော်နေသော အခန်းကျဉ်းများတွင် နေရပြီးလျှင် မသထာရေစာ မဝမလင်စားရပြီး မည်သည့်နေရာကိုမျှ မသွားရ၊ မလာရနှင့် တစ်ချိန်လုံးလိုလို အလုပ်လုပ်နေကြရပါသည်။ မိဘဆွေမျိုးများနှင့်လည်း မည်သည့်အဆက်အသွယ်မျှလုပ်၍ မရတော့ပါ။

ပြည့်တန်ဆာပြုခိုင်းစေမှု

လူကုန်ကူးသူများက လူကုန်ကူးခံရသူများကို ပြည်တွင်းသော်လည်းကောင်း၊ ပြည်ပသို့ ခေါ်ထုတ်ပြီးသော်လည်းကောင်း အမျိုးသမီးများကို ပြည့်တန်ဆာပြု ခိုင်းစေခြင်းဖြစ်ပါသည်။ နေရေးထိုင်ရေး၊ စားသောက်ရေးတို့မှာ အဓမ္မခိုင်းစေမှုတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

ကလေးမွေးစားမှု

လူတချို့သားသမီးမရခြင်း၊ သားသမီးမွေးစားလိုခြင်းတို့အတွက် လူကုန်ကူးသူများက မွေးကင်းစ သို့မဟုတ် တစ်နှစ်မပြည့်သေးသည့် ကလေး သို့မဟုတ် မသိတတ်သေးသောကလေးများကို ဆင်းရဲ၍ မကျွေးမွေးနိုင်သည့် မိဘများထံမှ အခကြေးငွေနှင့်ဝယ်ယူပြီး ပြည်တွင်းတွင်လည်းကောင်း၊ ပြည်ပတွင်သော်လည်းကောင်း ရောင်းစားခြင်းဖြစ်ပါသည်။

ကလေးရောင်းစားမှု

ကလေးဆိုသည်မှာ (၁۶) နှစ်အထိကို ဥပဒေအရ ကလေးဟုခေါ်ပါသည်။ ပြည်တွင်း ပြည်ပတွင် ရောင်းစားခြင်းဖြစ်ပါသည်။

စုဆောင်းသည့် နည်းလမ်းများ

လူကုန်ကူးသူများသည် လူကုန်ကူးခံရသူများဖြစ်ကြသော ကလေးသူငယ်များ၊ အရွယ်ရောက်ပြီးသူများကို ရင်းနှီးမှုရရှိအောင်၊ ယုံကြည်အောင် သွေးဆောင်ဖြားယောင်း၍လည်းကောင်း၊ တို့ဆေးတို့၍လည်းကောင်း၊ အချိုရည်၊ လက်ဖက်ရည်များနှင့် ဧည့်ခံကျွေးမွေးခြင်း၊ မေ့မြောသွားအောင် လုပ်ဆောင်၍လည်းကောင်း၊ အကြမ်းဖက် အတင်းအကျပ်လုပ်၍ မလှုပ်နိုင်အောင် မပြောနိုင်အောင် ကြောက်လန့်အောင် ဆောင်ရွက်၍လည်းကောင်း စုဆောင်းကြပါသည်။

လူကုန်ကူးခံရသည့် အကြောင်းရင်းများ

ဝင်ငွေမရှိခြင်း၊ ဝင်ငွေရလိုခြင်း၊ လောဘရမ္မက်ကြီးခြင်း၊ အလုပ်မရှိ ခြင်း၊ အလုပ်ရှာဖွေမရခြင်း၊ နားယောင်လွယ်ခြင်း၊ ယုံကြည်လွယ်ခြင်း၊ အဖော်ပါသည်ဆိုပြီး စွန့်စားခြင်း၊ မိဘများ၏ နားပူနားဆာလုပ်ပြိုင်ငှမ်းများကြောင့် ဖြစ်ရခြင်း၊ ပတ်ဝန်းကျင်သစ်ကို ရှာလိုခြင်း၊ မိမိနိုင်ငံကဲ့သို့ အလုပ်ရှင်များက အကြင်နာတရားရှိမည်၊ လွတ်လပ်မှုရှိမည်ဟု ထင်မြင်ခြင်းတို့သည် လူကုန်ကူးခံရသည့် အကြောင်းရင်းများ ဖြစ်ပါသည်။

ရှောင်ရှားရမည့် အချက်များ

မိမိသွေးသားမှအပ အခြားသူများကို ကိုယ်ကကျူး ကိုယ့်ဗုဒ္ဓေတောင်မယုံနှင့် ဆိုသကဲ့သို့ မိမိနှင့် သွေးသားမတော်စပ်သူ မိမိ၏ မိတ်ကောင်းဆွေကောင်း၊ မိမိနှင့် ခင်မင်ပြီး မိမိအပေါ် အမြဲစောင့်ရှောက်ကောင်းမွန်သူမှအပ အခြားသူစိမ်းနှင့်ဆက်ဆံမှု၊ သွားလာမှုမပြုလုပ်ရန်၊ သူစိမ်းများကျွေးမွေးသည်များကို စားသောက်ခြင်းမပြုရန်၊ ဆင်းရဲခြင်းဒဏ်ကို ကြံ့ကြံ့ခံရန်၊ မိမိအလုပ်၊ မိမိစာကိုသာ အပတ်တကုတ် ကြိုးစားရန်၊ စာမှအပ အခြားအကြောင်းအရာများကို မစဉ်းစားရန်၊ ဆိတ်ကွယ်ရာအရပ်ကို အချိန်အခါမဲ့သွားလာခြင်းမှ ရှောင်ရှားရန်၊ လမ်းသွားလမ်းလာလျှင် အတတ်နိုင်ဆုံး တစ်ဦးတည်း မသွားရန်၊ ယင်းအချက်များကို လိုက်နာဆောင်ရွက်ပါက လူကုန်ကူးခံရခြင်းမှ ကင်းလွတ်နိုင်ပါသည်။

စက်ဆုပ်ရွံရှာနာကြည်းဖွယ်

စာရေးသူတို့ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျောင်းလေးကျောင်းတွင် ကျောင်းသား ကျောင်းသူများ ယဉ်ကျေးသိမ်မွေ့ရေး၊ လူကုန်ကူးမှုပယောက်ရေးတို့ကို "မိဘများသွေးစကား အသိပညာပေးဟောပြော"ဆွေးနွေးပွဲ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ဝင်တစားနားထောင်ကြကြောင်း တွေ့ရှိရသည့်အတွက် ဝမ်းသာမိပါသည်။ လူကုန်ကူးမှုအန္တရာယ် မည်မျှကြီးမားကြောင်း၊ လူကုန်ကူးခံရသူသည် လူပင်ဖြစ်သော်လည်း တိရစ္ဆာန်ကဲ့သို့ ပြုမူဆက်ဆံခံရပုံတို့အား ကျောင်းသား ကျောင်းသူများ မျက်စိထဲမြင်ယောင်လာပြီး လူကုန်ကူးမှုသည် စက်ဆုပ်ရွံရှာဖွယ်ရာကောင်းကြောင်း၊ နာကြည်းဖွယ်ရာကောင်းကြောင်း၊ စိတ်ထဲစွဲမြဲထင်မှတ်သွားရန် မြန်မာနိုင်ငံလုံးရှိ ကျောင်းများတွင် ဆရာ ဆရာမများ ကလည်းကောင်း၊ ဟောနိုင်ပြောနိုင်သူများကလည်းကောင်း အလျှဉ်းသင့်သလို မကြာမကြာ ဟောပြောကြခြင်းဖြင့် လူကုန်ကူးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးခြင်းများ ပြုလုပ်၍ လူကုန်ကူးမှုအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့် လူတိုင်းကိုယ်စီ အသိနှင့်ယှဉ်၍ တိုက်ဖျက်ကြပါစို့ဟု တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာအပါအဝင် အစီရင်ခံစာ(၃)ခုနှင့်စပ်လျဉ်း၍ ဖတ်ကြားခြင်းနှင့် ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ** အပါအဝင် အစီရင်ခံစာ(၃)ခုနှင့်စပ်လျဉ်း၍ ဖတ်ကြားခြင်းနှင့် ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုအဝိုးရအဖွဲ့မှပေးပို့သည့် **အထူးကုန်စည်ခွန် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ချောင်ဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းကဖတ်ကြားရာ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်အတွက် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ရှင်းလင်းတင်ပြရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမခြောက်လပတ် အကောင်အထည်ဖော်မှုအခြေအနေကို သုံးသပ်မည်ဆိုပါက နှစ်ဝက်လျာထားချက်အပေါ် (၉၅ ဒသမ ၇)ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး တစ်နှစ်ပတ်လုံး ရည်မှန်းချက်အပေါ် (၃၃ ဒသမ ၇)ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ယခင်နှစ် အလားတူကာလအပေါ် ပြောင်းလဲမှုနှုန်း (၉ ဒသမ ၉)ရာခိုင်နှုန်း ရရှိခဲ့ပါကြောင်း။

ကဏ္ဍများအလိုက် အကောင်အထည်ဖော်နိုင်မှုတွင်လည်း အနည်းဆုံး ကဏ္ဍတွင် (၈၀)ရာခိုင်နှုန်းကျော် ရရှိခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ အကောင်အထည်ဖော်နိုင်မှုများမှာလည်း အနည်းဆုံး တိုင်းဒေသကြီး/ပြည်နယ်တွင် (၉၀)ရာခိုင်နှုန်းနီးပါးရှိပါကြောင်း။

ပထမခြောက်လပတ်အတွင်း ဆောင်ရွက်ပြီးစီးမှုအချို့ကို အကျဉ်းတင်ပြရပါက ၂၀၁၄ ခုနှစ် လုဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်နိုင်ခြင်း၊ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးစနစ်ကို ဆောင်ရွက်နိုင်ခြင်း၊ အင်းလေးကန်ဒေသကို ဇီဝအာဝန်းနယ်မြေအဖြစ် အတည်ပြု

ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

သတ်မှတ်နိုင်ခြင်း၊ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ထိုင်းနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများကို နိုင်ငံတကာ လေဆိပ်များမှတစ်ဆင့် ဗီဇာမလိုဘဲ (၁၄)ရက်ကြာ သွားလာနေထိုင်ခွင့်ပြုခြင်း၊ အနည်းဆုံး အခကြေးငွေကို ထုတ်ပြန်နိုင်ခြင်း၊ မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေကို ထုတ်ပြန်နိုင်ခြင်း၊ တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ နှစ်ဝက်လေ့လာသုံးသပ်မှု အစည်းအဝေးကျင်းပနိုင်ခဲ့ခြင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပခဲ့ခြင်းတို့အပြင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း တင်ပြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် **စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က ဖတ်ကြားတင်ပြရာ လွှတ်တော်ကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ** နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဌာနအဖွဲ့အစည်းများအားလုံး၏ ပထမခြောက်လပတ် ရင်ငွေလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ ရင်ငွေလျာထားချက် ကျပ်(၇၁၂၂ ဒသမ ၅၆)ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ကျပ်(၆၅၂၄ ဒသမ ၄၀၆)ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း(၉၁ ဒသမ ၆) ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပထမခြောက်လပတ် သုံးငွေလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ သုံးငွေလျာထားချက် ကျပ်(၉၃၇၇ ဒသမ ၃၄၀)ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ကျပ်(၈၂၃၀ ဒသမ ၅၄)ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း(၈၇ ဒသမ ၈) ရာခိုင်နှုန်းဖြစ်ပါကြောင်း။

သာမန်ရင်ငွေတွင် အခွန်အကောက်ရင်ငွေများ၊ သာမန်ပစ္စည်းများရောင်းချရင်ငွေ၊ ဆောင်ရွက်ပေးမှုမှုရင်ငွေ၊ ဒဏ်ငွေများ၊ ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ အတိုးရင်ငွေ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရင်ငွေ၊ ထောက်ပံ့ငွေမှရင်ငွေနှင့် ပြည်ပအကူအညီရင်ငွေ စသည်တို့ပါဝင်ပါကြောင်း။

သာမန်အသုံးစရိတ်တွင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် အပြီးအပိုင်သုံးစွဲလိုက်သော အသုံးစရိတ်များဖြစ်သည့် လစာနှင့် စရိတ်များ၊ အခွန်အခ၊ လုပ်အားအတွက် ကုန်ကျစရိတ်၊ သယ်ယူပို့ဆောင်ခ၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီ၊ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်း၊ လျှပ်စစ်ဓာတ်အားခ၊ စာအုပ်၊ စာနယ်ဇင်း၊ သတင်းစာ၊ အဆောက်အအုံ၊ စက်ပစ္စည်းကိရိယာနှင့် မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ညှိုခံကျွေးမွေးစရိတ်၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း၊ တိုက်ရိုက်စရိတ်များ၊ သွယ်ဝိုက်စရိတ်များ စသည်တို့အပြင် ထောက်ပံ့ငွေအသုံးစရိတ်၊ သီးသန့်အသုံးစရိတ်နှင့် အတိုးပေးငွေ စသည်တို့ပါဝင်ပါကြောင်း။

စာမျက်နှာ ၈ သို့

ပြည်သူ့လွှတ်တော်

တရားဥပဒေစိုးမိုးရေးဌာနတွင် ထူးချွန်ထက်မြက်သည့်အရာရှိများလိုအပ်

နေပြည်တော် ဒီဇင်ဘာ ၁၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ အစီရင်ခံစာ နှစ်ခုအတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် (၁၄)ရက်မြောက်နေ့ အစည်းအဝေး၌ တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ အစီအရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ ဦးခိုင်မောင်ရည်နှင့် သူရဦးအောင်ကိုတို့က ဆွေးနွေးကြသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကိစ္စရပ်များကို အထောက်အကူဖြစ်စေရန် လွှတ်တော်၌ ဥပဒေများပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြည်သူတို့၏ တိုင်ကြားစာများ၊ အသနားခံစာများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း ကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးဌာနတွင် မိမိတို့နိုင်ငံရှိ ထူးချွန်ထက်မြက်သည့် အရာရှိများလိုအပ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးမှာ မြန်မာ့လူဘောင်ပတ်ဝန်းကျင်အတွက် အထူးလိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအစီအရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုခဲ့သည်။

အလားတူ အစည်းအဝေး (၁၄)ရက်မြောက်နေ့ကတင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာ

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ။

နှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၊ ဦးခမိုင်မုန်ကွမ်၊ ဒေါ်နန်းစေအွာတို့က ဆွေးနွေးကြသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝ မြှင့်တင်ရေးအတွက် လာမည့်အစိုးရသက်တမ်းတွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနဖွဲ့စည်းဆောင်ရွက်စေလိုပါကြောင်း၊ တိုင်းရင်းသားစာပေသင်ကြားရေးအပိုင်းတွင်လည်း လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးစေလိုပါကြောင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် လက်ရှိအခြေအနေ၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၈)ဖွဲ့ဖြင့် လက်မှတ်ရေးထိုးမှု ပြုလုပ်ပြီးသည့်အတွက် ကြိုဆိုပါကြောင်း၊ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း ငြိမ်းချမ်းရေးကို ဆက်လက်ဖော်ဆောင်ပြီး လွှတ်လပ်မှု၊ တန်းတူညီမျှမှုပါရှိသည့် ငြိမ်းချမ်းရေးမူဘောင်အတိုင်း ဖက်ဒရယ်ပြည်ထောင်စုကို ဆက်လက် ဖော်ဆောင်စေလိုပါကြောင်း ဆွေးနွေးပြီးနောက် ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော **တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်

ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြု

နေပြည်တော် ဒီဇင်ဘာ ၁၄

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင်ကျင်းပရာ **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်းနှစ်ခုနှင့် အစီရင်ခံစာတစ်ခုတို့ကို ဖတ်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးခင်မောင်ရီက ဖတ်ကြားတင်သွင်းရာတွင် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ နိုင်ငံတော်က ရယူသည့် ပြည်တွင်းပြည်ပကြွေးမြီများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့က လိုက်နာဆောင်ရွက်ရန် တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကြွေးမြီပြုစုခြင်းများ၊ နိုင်ငံတော်၏ အာမခံချက်များ၊ ကြွေးမြီပြုစုခြင်းများ၊ အစီရင်ခံခြင်းများ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာကျင့်ထုံးများနှင့်အညီ ခိုင်မာစွာချမှတ်ဆောင်ရွက်ရန်လိုအပ်ခြင်းတို့ကို ပြည်သူ့လွှတ်တော်က ပြည့်စုံစွာ ပြင်ဆင် အတည်ပြုထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်း ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်က **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခင်မောင်ရီ။

မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ **လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီဆောင်ရွက်မှုများ နှင့် အထွေထွေလျှောက်ထားခြင်း အစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

နောက်နစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

❀ စာမျက်နှာ ၇ မှ

ငွေလုံးငွေရင်းရင်းငွေတွင် မြေ၊ အဆောက်အအုံစသည့် ပုံသေပိုင်ပစ္စည်းများ ရောင်းချရင်းငွေများ၊ ပြည်ပအကူအညီရင်းငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်မှ ကျခံဝယ်ယူထားသည့် ပစ္စည်းများကို ပြန်လည်ရောင်းချ၍ ရရှိသောငွေ၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ ရပိုင်ခွင့်နှင့် ထောက်ပံ့ငွေရင်းငွေများ စသည်တို့ပါဝင်ပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်တွင် နှစ်ရှည်စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များဖြစ်သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ မြေ၊ အဆောက်အအုံ၊ မော်တော်ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ ပရိဘောဂ စသည်တို့ ဝယ်ယူခြင်း၊ မော်တော်ယာဉ်အကြီးစား ပြင်ဆင်ခြင်း၊ မြေဌားရမ်းခ၊ မြေယာလျော်ကြေး စသည့်ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များ ပါဝင်ပါကြောင်း။

ကြွေးမြီရင်းငွေတွင် ပြည်တွင်းပြည်ပမှ ချေးယူရင်ငွေ၊ စုဆောင်းငွေမှ ပြန်ရငွေ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ စသည်တို့ပါဝင်ပါကြောင်း၊ ကြွေးမြီအသုံးစရိတ်တွင် ပြည်တွင်းပြည်ပမှ ချေးယူရင်ငွေအပေါ် အရင်းပြန်လည်ပေးဆပ်ငွေ၊ စုဆောင်းငွေ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ စသည်တို့ ပါဝင်ပါကြောင်း။

၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် (၈ပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဌာန အဖွဲ့အစည်းများသည် သာမန်ရငွေအပိုင်းတွင် လျာထားချက်၏ ၉၄ ဒသမ ۶ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေအပိုင်းတွင် လျာထားချက်၏ ၈၅ ဒသမ ၅ ရာခိုင်နှုန်း၊ ကြွေးမြီရငွေအပိုင်းတွင် လျာထားချက်၏ ۶၅ ဒသမ သုည ရာခိုင်နှုန်း စုစုပေါင်းရငွေတွင် လျာထားချက်၏ ၉၁ ဒသမ ۶ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများသည် သာမန်သုံးငွေအပိုင်းတွင် လျာထားချက်၏ ၉၂ ဒသမ ၄ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းသုံးငွေအပိုင်းတွင် လျာထားချက်၏ ၈၇ ဒသမ ၅ ရာခိုင်နှုန်း၊ ကြွေးမြီသုံးငွေအပိုင်းတွင် လျာထားချက်၏ ၁၀၄ ဒသမ ၇ ရာခိုင်နှုန်း စုစုပေါင်းသုံးငွေတွင် လျာထားချက်၏ ၈၇ ဒသမ ၈ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် **ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ရှင်းလင်းတင်ပြရာ လွှတ်တော်ကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရန် လျာထားကြောင်းသိရသည်။

(သတင်းစဉ်)

❒ ရွှေမန္တလေးမှ

(၂۶ နှင့် ၂၇) လမ်းကြား၊ (၇၃ နှင့် ၇၄)လမ်းကြားရှိ စိတ္တရမဟီရပ်ကွက် မြေကွက်အမှတ် ၇၂۶၊ မြေရိယာ ၄ ဒသမ ၅၃۶ ပေါ်တွင် ၂ ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၂၈ လုံးကို တည်ဆောက်ခဲ့၍ အခန်းပေါင်း ၁၁၂ ခန်းကို ဝန်ထမ်းများအတွက် အငှားချနေထိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ۶၀ ကျော် သက်တမ်းရှိလာသည့် အဆောက်အအုံများဖြစ်သည့်အတွက် ဟောင်းနွမ်းယိုယွင်းလာသည့်အပြင် ရေပေးရေးစနစ်နှင့် မိလ္လာစနစ်တို့မှာလည်း ပျက်စီးချို့ယွင်းလာခဲ့သည်။

ထို့ပြင် အိမ်ရာစခန်းသည် မန္တလေးမြို့ပြဖွံ့ဖြိုးမှု၏ အဓိကနေရာနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မန္တလေးကျုံးနှင့် နန်းတော်အနီးတွင် တည်ရှိနေသဖြင့် မြို့ပြအင်္ဂါရပ်နှင့် လိုက်လျောညီထွေရှိစေရန်နှင့် အိမ်ရာစခန်းအား ပြန်လည်စည်ပင်ဖွံ့ဖြိုးရန်အတွက် ပြုပြင်တည်ဆောက်ရန်လည်း လိုအပ်လာခဲ့သည်။

အဆိုပါအဆောက်အအုံ အဟောင်း၏ မူလအခန်းတစ်ခန်းမှာ အကျယ်အဝန်း စတုရန်းပေ ၄၈၀ သာရှိ၍ မိသားစုများအတွက် ပိုမိုသင့်တော်ကောင်းမွန်သော အကျယ်အဝန်းရှိသည့် အခန်းများပါဝင်သည့် အဆောက်အအုံများအဖြစ် ပြုပြင်တည်ဆောက်နိုင်ခြင်းဖြင့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေမည့်အပြင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်တို့ဖြင့် အိမ်ရာစခန်းအား အသစ်ပြုပြင်ပြန်လည် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် အဆင့်မြင့်တည်ဆောက်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ۶ ရက်တွင် အဆောက်အအုံအဟောင်းများအား စတင်ဖျက်သိမ်းခဲ့ပြီး အိမ်ရာစခန်းနေ အိမ်ငှားဝန်ထမ်းများအား တည်ဆောက်ရေးကာလဖြစ်သည့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လကုန်အထိ ပြင်ပတွင် အိမ်ငှားရမ်းနေထိုင်ရန် တစ်လလျှင် အိမ်ငှားခငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ ပြောင်းရွှေ့စရိတ်အဖြစ် မိသားစုတစ်စုလျှင် ငွေကျပ် ခြောက်သိန်းနှုန်းဖြင့်လည်းကောင်း ဌာန၏ စီမံခန့်ခွဲမှုဖြင့် ကုမ္ပဏီများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

စိတ္တရမဟီ အဆင့်မြင့်အိမ်ရာ စီမံကိန်းတွင် တည်ဆောက်ခဲ့သော အဆောက်အအုံများတွင် စုစုပေါင်း အခန်း ၃၇၈ ခန်းပါဝင်ပြီး အဆောက်အအုံအမျိုးအစားမှာ Apartment, Condominium, Show Room & Office, Admin Building, Shop House & Gym Hall တို့ဖြစ်ပြီး ဝန်ထမ်းများအတွက် ပြန်လည်နေရာချထားပေးရန် ဌာနမှရရှိသော အခန်းပေါင်း ၁၄၄ ခန်းတွင် ဝန်ကြီးဌာနပေါင်း (၂၃) ခုမှ ဝန်ထမ်းများ နေထိုင်ရန်အတွက် အခန်းပေါင်း ၁၃၂ ခန်းကို ၂၀၁၅ ခုနှစ် ဇွန် ၁۶ ရက်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မဲစနစ်ဖြင့် ဦးစွာနေရာချထားပေးခဲ့ကာ အရန်အဖြစ်ထားရှိသော အခန်း ၁၂ ခန်းကိုလည်း ဆက်လက်၍ နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

အိမ်ရာအသစ်များ စတင်အပ်နှံသည့် အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်အစိုးရမှ နေရာဒေသအသီးသီးတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြရသော နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအတွက် အခက်အခဲမရှိစေဘဲ သက်သာချောင်ချိစွာ နေထိုင်ရမှုဖြင့် လုပ်ငန်းတာဝန်များကို အေးချမ်းစွာ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ပြီး ဝန်ထမ်းအိမ်ရာများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ နေထိုင်ကြသူများကလည်း စနစ်တကျဖြင့် သန့်ရှင်းသပ်ရပ်စွာ နေထိုင်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအတွက် အဆောက်အအုံ ငါးလုံးကို အကျိုးတူ တည်ဆောက်ပေးခဲ့ရာ အဆောက်အအုံ တစ်လုံးလျှင် ၃၁၅ ကေဗွီအေ ရှိ ထရန်စဖော်မာများ တပ်ဆင်ပေးထားပြီး ရေရရှိရေးအတွက် တစ်နာရီ လျှင်ရေဂါလံ ၃၀၀၀ ထွက်သော ၂ လက်မအဝိစိတွင်း တူးဖော်ပေးခြင်းများအပြင် ရေတင်စက်၊ ရေတွန်းစက်၊ ဓာတ်လှေကား၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေထုတ်မြောင်းစနစ်နှင့် ရေဆိုးသန့်စင်စက်များလည်း ထည့်သွင်းဆောင်ရွက်ထားရှိသည်။

အဆိုပါ စီမံကိန်းဧရိယာအတွင်း ဆောင်ရွက်ရန်ကျန်ရှိသော လမ်းနှင့် ရေမြောင်းများအား ယခု ဒီဇင်ဘာလ အပြီး ဆောင်ရွက်လျက်ရှိပြီး ကွန်ဒို မီနီယံများ၊ ရုံး၊ အဆောက်အအုံနှင့် ဆိုင်ခန်း၊ ပြခန်းများအား လာမည့် ဖေဖော်ဝါရီ ၁၅ ရက်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

မန္တလေးမြို့ရှိ စိတ္တရမဟီ ပြန်လည်ဖွံ့ဖြိုးရေးအိမ်ရာစီမံကိန်းမှ ပေါ်ထွက်လာသော တိုက်ခန်းများတွင် ဝန်ထမ်းမိသားစုများအား ပြန်လည်နေရာချထားပေးခဲ့ရာ မူလအခန်းအကျယ် စတုရန်းပေ ၄၈၀ သာရှိခဲ့ရာမှ ယခုအခါ ۶၂၅ စတုရန်းပေရှိသော တိုက်ခန်းသစ်များ၌ ပြောင်းလဲနေရာချထားပေးနိုင်ခဲ့ခြင်းကြောင့် ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ လူနေမှုအဆင့်အတန်း တစ်ရပ်ကို မြှင့်တင်ပေးနိုင်ခဲ့ပြီဖြစ်ရာ စိတ္တရမဟီ အဆင့်မြင့်အိမ်ရာသည် မန္တလေးမြို့တော်၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များနှင့်အတူ ယှဉ်တွဲ၍ ပန်တင့်လျက်ရှိနေပြီ ဖြစ်ပါတော့သည်။

○ပြည်ထောင်စုမှ

ရှေ့သို့လှမ်းနိုင်ခြင်းဖြစ်၍ အစုအဖွဲ့များအကြား ပိုမိုပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့ကျန်ရှိနေသေးသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်မည့်အစုအဖွဲ့များ၏ ကိုယ်စားလှယ် အချိုးအစားကိစ္စကိုလည်း ကျေကျေလည်လည် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် နိုင်ငံရေးအခြေအနေသစ်နှင့် ကိုက်ညီသည့် ကိုယ်စားလှယ်အချိုးအစားကိုလည်း အကျေအလည် ပြုပြင်သတ်မှတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အတည်ပြုပြီးချိန်တွင် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် အစုအဖွဲ့အသီးသီးမှ တာဝန်ခံခေါင်းဆောင်ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်မြန်မာနိုင်ငံအတွက် များစွာအရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ်၊ KNU(ကရင်အမျိုးသားအစည်းအရုံး) အထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းက နိုင်ငံရေးပါတီများ၏ ပူးပေါင်းပါဝင်လာမှုကြောင့် နိုဝင်ဘာ ၂၄ ရက်က ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ အစုအဖွဲ့ စုံညီအစည်းအဝေးတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင် မူကြမ်းရေးဆွဲရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ရက်အနည်းငယ်အတွင်းမှာပင် မူကြမ်းရေးဆွဲရေးကော်မတီဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး မူဘောင်မူကြမ်းတစ်ခုကို ရရှိလာသည့်အတွက် ကော်မတီဝင်များ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

ဒီဇင်ဘာ ၈ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်အမှတ်(၁၆) အရ NCA ကို လွှတ်တော်သို့ တင်သွင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမြော်အမြင်ကြီးမားစွာနှင့် ကန့်ကွက်သူမရှိဘဲ အတည်ပြုနိုင်ခဲ့ကြသည်ကို အထူးလေးစားဂုဏ်ပြုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ အချက်များ ဆက်လက်အကောင်အထည်ဖော်ရာတွင် ပိုပြီးခိုင်မာစေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ဥက္ကဋ္ဌ ဦးသုဝေက UPDJC အဖွဲ့အစည်းတွင် အစိုးရအဖွဲ့၏ အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့သုံးဖွဲ့ ပါဝင်ပါကြောင်း၊ အစုအဖွဲ့သုံးဖွဲ့က ယင်းအစုအဖွဲ့၏ လုပ်ငန်းများအောင်မြင်စေရန် ကိုယ်စားလှယ် ၁၆ ဦးနှင့် အကြံပေးပုဂ္ဂိုလ်ရှစ်ဦး ရွေးချယ်သင့်သည်ဟု ဆုံးဖြတ်ချက်အရ မိမိတို့နိုင်ငံရေးပါတီ အစုအဖွဲ့က ကိုယ်စားလှယ် ၁၆ ဦးနှင့် အကြံပေးပုဂ္ဂိုလ်ရှစ်ဦးကို နိုင်ငံရေးအမြင်အရ ရွေးချယ်ခဲ့ပါကြောင်း၊ ထိုသို့ရွေးချယ်ရာတွင် ဆန္ဒသဘောတူညီချက်နှင့် ကိုယ်စားလှယ်များကို ရွေးချယ်သည့်နည်းနှင့် နိုင်ငံရေးပါတီအားလုံး ရွေးကောက်ပွဲနည်းအားဖြင့် ရွေးချယ်သည့်နည်းဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြု၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် မူကြမ်းရေးဆွဲရေးကော်မတီ(FPDDC)မှ လုပ်ငန်းပြီးမြောက်မှုအခြေအနေကို တင်ပြဆွေးနွေးပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ဆွေးနွေးရန်ကျန်ရှိသည့် အခန်းများနှင့် အချက်များအား ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြသည်။

အစည်းအဝေး မစတင်မီ MPC ၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ပြည်သူလူထုက ရွေးချယ်ပေးလိုက်တဲ့ ပါတီအနေနဲ့ လွှတ်တော်အသစ်၊ အစိုးရအဖွဲ့အသစ်တွေ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ မိမိတို့နိုင်ငံအနေနဲ့ မဖြစ်မနေဆောင်ရွက်ကြရမှာဖြစ်တဲ့အတွက် အစိုးရသစ်အနေနဲ့လည်း မဖြစ်မနေဆက်လက်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အခုလို NLD ပါတီအနေနဲ့ ပူးပေါင်းပါဝင်လာမှုဟာ လက်ဆင့်ကမ်းယူတာပဲဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအဖွဲ့ တာဝန်ယူစဉ် လေးနှစ်ခွဲကျော်ကာလမှာ လုပ်ဆောင်လာခဲ့ရတဲ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကောင်းမွန်တဲ့အချက်တွေများစွာရှိပါတယ်။ အဲဒါတွေကို အုတ်မြစ်အဖြစ် သဘောထားပြီး အဲဒီအုတ်မြစ်အပေါ်မှာ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် အမြတမ်းငြိမ်းချမ်းရေးရရှိဖို့ အခွင့်အလမ်း အများကြီးရှိလာတဲ့အတွက် အခုလိုပူးပေါင်းပါဝင်တာကို ကြိုဆိုပါတယ်။ ပိုပြီး ကောင်းမွန်တဲ့အလေ့အထကို စတင်လုပ်ဆောင်နိုင်ပြီလို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။ **(သတင်းစဉ်)**

ရေတာရှည်မြို့နယ်၌ ကြံရာသီ အလုပ်သမားရှားပါးမှုနှင့် ကြုံတွေ့နေ

ရေတာရှည် ဒီဇင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အမှတ်(၅) မြို့လှသကြားစက်နှင့် အမှတ်(၆)ရေတာရှည်သကြားစက်ရုံများရှိပြီး ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ကာ ကြံဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကြံတင်အလုပ်သမားရှားပါးမှုနှင့်ကြုံတွေ့နေရကြောင်း တောင်သူများက ပြောသည်။ လက်ရှိကြံစိုက်တောင်သူများမှာ မည်သည့်စက်ရုံနှင့်မျှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ မိမိတို့ကြိုက်နှစ်သက်သောစက်ရုံသို့ တင်ပို့ရောင်းချလျက်ရှိရာ လက်ရှိ ဖြူးမြို့နယ် ဇေယျဝတီသကြားစက်နှင့် အုတ်တွင်းသကြားစက်များသို့ တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

"ဇေယျဝတီက ကြံတစ်တန်ကို ငွေကျပ် ၄၅၀၀၀ ပေးတယ်။ ဒါကြောင့် ကားသမားတွေက ကြံတောင်သူတွေဆီက တစ်တန် ငွေကျပ် ၃၂၀၀၀ နဲ့ဝယ်ပြီးသွားရောင်းတော့ တင်ခ၊ ယာဉ်မောင်းခ၊ လမ်းအသုံးပြုခနုတ်ပြီး တစ်တန်ကို ကျပ် ၅၀၀၀ လောက် ကျန်တယ်။ ဆယ်ဘီးကား တွေဆိုရင် ငွေကျပ် ၈၀၀၀၀ နဲ့ ငွေကျပ် ၉၀၀၀၀ ကြားမှာ ကျန်တယ်"ဟု သရက်တောကျေးရွာနေ တောင်သူ ကိုအောင်ကြီးက ပြောသည်။ ကြံတင်ခ တစ်တန်လျှင် ငွေကျပ် ၃၀၀၀ ရရှိပြီး လက်ရှိကြံ တင်သည့်ကားများကသာ အလုပ်သမားများကို ခေါ်ယူနိုင်ပြီး ကျေးရွာများတွင် စပါးရိတ်၊ ပဲစိုက်အလုပ်များ ပြီးစီးခြင်း မရှိသေးသည့်အတွက် အလုပ်သမားငှားရမ်း၍မရနိုင်ကြောင်း ဆက်၍ပြောသည်။ လက်ရှိကြံရာသီ စေးကွက်အရ ကြံစိုက်တောင်သူမှာ အလွန်ပင်နည်းပါးကာ စက်ရုံအလိုက် ရည်မှန်းချက်တန်ချိန်မီအောင် ကြိုးပမ်းရဖွယ်ရှိနေကြောင်း သုံးသပ်မှုများလည်းရှိသည်။ **ကိုလွင်(ဆွာ)**

ပဲစင်းငုံအထွက်ပိုမည်ဖြစ်သော်လည်း မိုးကြောင့် ထိခိုက်မှုရှိ

နွားထိုးကြီး ဒီဇင်ဘာ ၁၄

နွားထိုးကြီးမြို့နယ်၏ နောက်ဆုံးသီးနှံဖြစ်သော ပဲစင်းငုံခင်းများမှာ နိုဝင်ဘာလအတွင်းက ရွာသွန်းခဲ့သည့် အချိန်အခါမဲ့မိုးကြောင့် ပန်းပွင့်များကြွေကျခဲ့၍ အသီးအထွက်လျော့နည်းမည်ဟု ဒေသခံများက ပြောသည်။ ပဲစင်းငုံသက်နုပဲနှင့် သက်ရင့်ပဲနှစ်မျိုးတွင် အဆိုပါမိုးကြောင့် သက်ရင့်ပဲများမှာ အထိခိုက်ဆုံးဟု ကန်ဦးရွာပဲတောင်သူတစ်ဦးက ပြောသည်။ ယခုနှစ် ပဲစင်းငုံစိုက်ပျိုးမှုမှာ ဖြစ်ထွန်းအောင်မြင်နေ၍ အထွက်ကောင်းမည်ဟု ယခင်ကခန့်မှန်းခဲ့ကြသည်။

နှစ်စဉ်ပဲစင်းငုံကို သီးထပ်/သီးညှပ် သီးသန့်ဖြင့် ဧက ၉၀၀၀၀ ကျော် စိုက်ပျိုးရာ နွားထိုးကြီးမြို့နယ်၏ နိုင်ငံခြားစေးကွက်ဝင် ရွှေပဲဖြစ်သည်။ သက်နုအထွက်တိုးပဲစင်းငုံမှာ အထွက်ကောင်းမည်ဖြစ်ပြီး သက်ရင့်ပဲသာ ဆုံးရှုံးမှုရှိသည်။ ပဲတစ်တင်း ငွေကျပ် ၄၅၀၀၀ မှ ၅၀၀၀၀ အထိ စေးကွက်ရှိနေ၍ ပဲစင်းငုံခုတ်သိမ်းပေါ်ခါနိန်တွင် စေးကောင်းရန်သာ ပဲတောင်သူများက မျှော်လင့်နေသည်။ ယခုအခါ ပဲစင်းငုံသီးနေဩဖြစ်၍ မကြာမီခုတ်သိမ်းကြရတော့မည်ဖြစ်သည်။ **(ဌေးမြင့်မောင်)**

○မြန်မာနိုင်ငံမှ

အာဆီယံနိုင်ငံတွေမှာ စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ဖို့ အင်ဗိုဒိန်းရှားနိုင်ငံပိုင်လုပ်ငန်းတွေကို ကျွန်တော်တိုက်တွန်းချင်ပါတယ်။ မကြာသေးမီက မြန်မာနိုင်ငံမှာ ရုံးခွဲတစ်ခုဖွင့်လှစ်ဖို့ အင်ဗိုဒိန်းရှားနိုင်ငံပိုင်BNI ဘဏ်ကို တရားဝင်ခွင့်ပြုချက်ပေးခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

Pertamina က မြန်မာနိုင်ငံရှိ ဓာတ်ငွေ့လောင်စာဆီဆိုင်ရာ စီမံကိန်းတစ်ခုအတွက် တင်ဒါတစ်ရပ်လျှောက်ထားခဲ့ကြောင်း၊ ကမ်းလှမ်းမှုအောင်မြင်ပါက မြန်မာနိုင်ငံတစ်ဝန်း၌ လောင်စာဆီဆိုင်အများအပြား ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း Pertamina စေးကွက်ဒါရိုက်တာ အာမက်ဘမ်ဘန်းက ပြောကြားသည်။ မြန်မာအစိုးရက ရှယ်ယာအများစုကို ထိန်းချုပ်ရန်ရည်ရွယ်ကာ Pertamina အား နိုင်ငံပိုင် မြန်မာ့ရေနံထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း (MPPE)နှင့် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုခဲ့ကြောင်း ၎င်းက ဆိုသည်။ "တင်ဒါအောင်မြင်ရင် MPPE နဲ့ ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံမှာ လောင်စာဆီဆိုင် ၁၃၀၀ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်"ဟု အာမက်ကဖြည့်စွက်ပြောကြားသည်။

(Jakarta Post)

နေပြည်တော်ဘူတာကြီးတွင် ခရီးသွားပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော်ဘူတာကြီး၌ ပြည်သူအများအသိပညာတိုးပွားစေရန်ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စာပေရေချမ်းစင်အကြီး၊ အသေးနှစ်ခုကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးထားကြောင်းနှင့် ယင်းစာပေရေချမ်းစင်များကို ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ တပ်ကုန်းမြို့နယ်များမှ ဝန်ထမ်းများက နေ့စဉ်အလှည့်ကျတာဝန်ထမ်းဆောင်လျက်ရှိပြီး ပြည်သူများဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်၊ စာပေများ၊ သတင်းစာများ၊ ဂျာနယ်မျိုးစုံများကို စင်တင်ထားရှိပေးသည်။

အဆိုပါ စာပေရေချမ်းစင်အကြီးတွင် သုတ၊ မဂ္ဂဇင်း၊ ရုပ်ပြ၊ ဝတ္ထုစာအုပ်များ၊ နေ့စဉ်ထုတ်မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီသတင်းစာများ၊ ဂျာနယ်မျိုးစုံများ ထားရှိခြင်း၊ စာပေရေချမ်းစင်အသေးတွင် လစဉ်ထုတ်စိုက်ပျိုးရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပြည်သူ့နီတိ၊ အားကစား၊ သိပ္ပံ၊ ကလေးသူငယ်၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိဆိုင်ရာ စာစဉ် ၁၃ မျိုးနှင့် နံရံကပ်စနစ်ထားရှိပေးမှုကြောင့် နေပြည်တော်ဘူတာကြီး၌ မီးရထားဝန်ထမ်းများ၊ ရဟန်း၊သံယာများ၊ ခရီးသွားပြည်သူများ၊ ဆိုင်ကယ်ကယ်ရီဝန်ဆောင်ပေးသူများ အစရှိသည့်ပြည်သူများ ယင်းစာပေရေချမ်းစင်များတွင် စာပေဖတ်ရှုလေ့လာနိုင်သည်။

"ကျွန်တော့်အနေနဲ့ တစ်နေရာတည်းမှာ ဒီလိုကဏ္ဍစုံတဲ့ စာပေအသိတွေကို ဖတ်ရှုလေ့လာခွင့်ရတဲ့အတွက် စီစဉ်ပေးသူတွေကို အထူးကျေးဇူးတင်တယ်။ အခမဲ့လွယ်လင့်တကူစာပေပေါင်းစုံဖတ်ခွင့်ရတယ်။ စာပေဖတ်ရှုသူတွေအနေနဲ့လည်း သတ်မှတ်ထားသည့်နေရာအတွင်းမှာ ဖတ်ရှုကြဖို့နဲ့ ဖတ်ရှုပြီးရင်လည်း စနစ်တကျ ပြန်လည်ထားပေးစေချင်ပါတယ်"ဟု ခရီးသွားပြည်သူတစ်ဦးကလည်း အကြံပြုပြောသည်။

ထို့ပြင် အဆိုပါဘူတာကြီးတွင် စာပေရေချမ်းစင်များအပြင် Public Digital Library Service စက်နှင့် မီးရထားဌာနမှ ပြည်သူများဖုန်းအားသွင်းရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် Public Mobile Phone Charging မီးပလပ်ပေါက်ခုံများ၊ အားသွင်းကြိုး အတို၊ အရှည်ဆိုက်မျိုးစုံထားရှိပေးထားကြောင်းသိရသည်။

တင်စိုးလွင်(မြန်/ဆက်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မန္တလေးမြို့ရှိ မြန်းစံကျော်ရွှေနန်းတော်သို့ လာရောက်လေ့လာမှုများပြား

မန္တလေး ဒီဇင်ဘာ ၁၄

မန္တလေးမြို့ကို ရောက်သည်နှင့် ပြည်တွင်း ပြည်ပ ဘုရားဖူးများကို အထူးဆွဲဆောင်သောနေရာတစ်ခုကို ပြပါဆိုလျှင် မြန်းစံကျော်ရွှေနန်းတော်နှင့် ကျုံး၊ မြို့ရိုး၊ပြာသာဒ်များစွာတို့ကိုပြသရမည်ဖြစ်သည်။ ရွှေနန်းတော် ကျုံးမြို့ရိုးများသည် မြင်သူတိုင်း ငေးယူရသည့် ရှေးဟောင်းအမွေအနှစ်ဖြစ်သလို ရှေးခေတ်ဘုရင်မင်းမြတ်နှင့် နန်းတွင်းသူ နန်းတွင်းသားတို့နေထိုင်မှု၊ စီမံအုပ်ချုပ်မှုစနစ်များကိုပင် လေ့လာနိုင်သောနေရာပင်ဖြစ်သည်။

မြန်မာဘုရင်မင်းမြတ်၏ နောက်ဆုံးမင်းနေပြည်ဖြစ်သလို နောက်ခံသမိုင်းများသည်ပင် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေသည်။ သာယာဝတီရွှေဘိုမင်းတရားသည်နောင်တော်စစ်ကိုင်းမင်း(ဘကြီးတော်မင်း)ထံမှ ရတနာပူရအင်းဝရွှေနန်းကို လွှဲပြောင်းစိုးစံတော်မူပြီးနောက် မြို့တော်ကို အမရပူရသို့ပြောင်းရွှေ့ စိုးစံတော်မူခဲ့သည်။ သက္ကရာဇ် ၁၂၀၂ ခုနှစ်(ခရစ်သက္ကရာဇ် ၁၈၄၀ခုနှစ်) တွင် ရွှေနန်းတော်ကြီးပြီးစီးကာ နန်းမြို့တော်ကို အောင်မြေစံရာ၊ ရွှေနန်းပြာသာဒ်တော်ကြီးကို အောင်နန်းသာစံဟု ကမ္ဘည်းတပ်တော်မူခဲ့သည်။ အောင်နန်းသာစံ ရွှေနန်းတော်ကြီးတွင်ပင် သားတော် ပုဂံမင်းက ဆက်လက်စိုးစံတော်မူခဲ့သည်။

ညီတော်မင်းတုန်းမင်းလက်ထက်တွင် မြို့တော်ကို မန္တလေးသို့ပြောင်းရွှေ့စံမြန်းရန် အကြိုရှိသဖြင့် လူပညာရှိ၊ ရဟန်းပညာရှိတို့၏ တိုင်ပင်လျှောက်ထားချက်အရ သက္ကရာဇ် ၁၂၁၈ ခုနှစ်မှစကာ မန္တလေးအရပ်တွင် မြို့ရာချင်းနင်းစေကာ မြို့တော်နန်းတော်မှ စတည်ဆောက်ရန် စီမံခဲ့ကြောင်းသိရသည်။

နန်းတော်ကို တည်ဆောက်ရာတွင် အမရပူရမြို့ဟောင်းမှ နန်းတော်ကို အမှတ်အသားပြုဖျက်ကာ မန္တလေးမြို့သို့ ပြောင်းရွှေ့တည်ဆောက်ခဲ့ပြီး နန်းတော်ကို မြန်းစံကျော်ရွှေနန်းတော်ဟုခေါ်တွင်ခဲ့သည်။

ရွှေနန်းတော်နှင့် ပတ်သက်သမျှ သီပေါမင်းပါတော်မူပုံ၊ ပါတော်မူပြီး နောက်ပိုင်း ရွှေနန်းတော်အခြေအနေ၊ အင်္ဂလိပ်ခေတ်တွင်နယ်ချဲ့ကြေးစားတပ်၏ စစ်ရုံးကလပ်ဆောင်စစ်တန်းလျားများအဖြစ် အသုံးပြုခြင်းမှသည် ရွှေနန်းတော်သည် ထင်းအဖြစ် ရောက်ရှိပျက်စီးသွားပုံများကို လေ့လာနိုင်မည်ဖြစ်သည်။ နောက်ပိုင်းတွင် ရွှေနန်းတော်ကို ပြန်လည်တည်ဆောက်မှုများ၊ နန်းဆောင်များကို မူလအတိုင်းတည်ရှိရန် တည်ဆောက်မှုများနှင့်အတူ လက်ရှိကာလတွင် မြင်တွေ့နေရသော ရွှေနန်းတော်ကြီး အထိ သမိုင်းကြောင်းကို စာတွေ့ လက်တွေ့ လေ့လာသိရှိနိုင်သော နေရာပင်ဖြစ်သည်။

နန်းမြို့တွင်း စဝင်သည်မှစကာ စိတ်ဝင်စားဖွယ်ရာများစွာကို လေ့လာသိရှိရပြီး ရှေးခေတ်ရွှေနန်းတော်တွင် စည်းကမ်းတကျနေထိုင်မှုပုံစံ၊ အလုပ်အကိုင်ဆုံးဖြတ်ချက်များအရ ခွဲခြားသတ်မှတ်ထားသော နေရာများကို လေ့လာနိုင်သည်။ နန်းဆောင်အမည်များကို နံပါတ်ထိုးရေးထားသလို စာများဖြင့်ပါ ရေးထိုးပေးထားသည်။ စိတ်ဝင်စားဖွယ်ရာ နန်းဆောင် ၁၁၄ ဆောင်ကို အချိန်ယူလေ့လာပြီး ရတနာပုံခေတ်ရသကို ခံစားနိုင်သော နေရာပင်ဖြစ်သည်။လက်ရှိကာလတွင် မြန်းစံကျော်ရွှေနန်းတော်ကြီးသည် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အများဆုံးလာရောက် လေ့လာရာ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးသော နေရာအဖြစ် တည်ရှိနေကြောင်း သိရသည်။

(တိမ်တမန်)

ဂျပန်ကုမ္ပဏီနှင့်အကျိုးတူပူးပေါင်း၍ ပထမဆုံး ခေတ်မီကားစမ်းသပ်ဝန်ဆောင်မှု စစ်ကိုင်း၌ စတင်ဖွင့်လှစ်

စစ်ကိုင်း ဒီဇင်ဘာ ၁၄

ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ခေတ်မီအသက်မွေးဝမ်းကျောင်း အတတ်ပညာများ ထွန်းကားရေးအတွက် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့အခြေစိုက် Ducks international Co.,Ltd နှင့် Millemiun Auto Service Japan Co.,Ltd တို့ပူးပေါင်းကာ ကားဆားဗစ်စင်တာတစ်ခုကို စစ်ကိုင်းမြို့ မန္တလေး-မုံရွာလမ်းမကြီးအနီးတွင် ဒီဇင်ဘာ ၁၃ ရက်က ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အထူးသဖြင့် ဒေသခံလူငယ်များအလုပ်အကိုင်ရရှိရေး၊ ခေတ်မီအသက်မွေးဝမ်းကျောင်းပညာရရှိရေးအတွက် ဂျပန်ကုမ္ပဏီနှင့် သဘောတူညီမှုရယူထားပြီး ပထမဦးစွာ မြန်မာလူငယ်ငါးဦးတို့အား စာတွေ့၊ လက်တွေ့ နည်းပညာများ သင်ကြားပေးသွားမည်ဖြစ်ကာ ယင်းတို့အနက်မှ ထူးချွန်သူလူငယ်သုံးဦးကို ဂျပန်နိုင်ငံသို့ ကုမ္ပဏီစရိတ်ဖြင့် ပညာသင်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း Millemiun Auto Service Japan Co.,Ltd ဒါရိုက်တာ ဦးသူရကျော်က ပြောကြားသည်။

"ဒေသခံလူငယ်တွေကို ဦးစားပေးပြီး အလုပ်အကိုင်ခန့်ထားပြီး ပညာသင်ကြားပေးသွားမှာဖြစ်ပါတယ်။ အားကိုးအားထားပြုစရာ မိဘမရှိသူ၊ ဆင်းရဲနွမ်းပါးသူတွေနဲ့ ကျေးလက်ကလူငယ်တွေကို ဦးစားပေးခန့်ထားပေးသွားမှာပါ။ ပညာအခြေခံရှိဖို့ထက် တကယ်ကြိုးကြိုးစားစားလုပ်ကိုင်သွားဖို့ပဲ လိုအပ်ပါတယ်။ ဂျပန်ပညာရှင်နဲ့ တွဲဖက်ပြီးလုပ်ကိုင်သွားရမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံတွင် မော်တော်ယာဉ်များ၏ကြံ့ခိုင်ရေးကို ခြောက်လတစ်ကြိမ် စစ်ဆေးမှုခံယူပြီးမှသာ မောင်းနှင်ခွင့်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ထိုစနစ်မျိုး မရှိသေးသော်လည်း တစ်ချိန်တွင် ကျင့်သုံးလာမည်ဟု ယူဆပါကြောင်း၊ မိမိအနေဖြင့် ပညာသင်ယူမည့်လူငယ်များကို အချိန်မည်မျှကြာကြာ တတ်မြောက်မှုရှိအောင် စနစ်တကျသင်ကြားပေးသွားမည်ဖြစ်ကြောင်း ဂျပန်နည်းပညာရှင် Shingo Ayabe က ပြောကြားသည်။

အဆိုပါ ကားဆားဗစ်စင်တာတွင် ဂျပန်နိုင်ငံမှ နည်းပညာရှင် Shingo Ayabe(Branch Manager) က ဦးစီးကာ နောက်ဆုံးပေါ် အမျိုးအစား၊ ခေတ်မီမော်တော်ယာဉ်များကို လေးလအာမခံစနစ်ဖြင့် အင်ဂျင်စက်ပိုင်း၊ ကိုယ်ထည် အောက်ပိုင်း၊ ဘီးအလိုင်းမင်း၊ ရှေ့မှန်မြင်ကွင်းပိုင်းနှင့် စင်ဆာ(Sensor)ပိုင်းစသည့် စစ်ဆေးမှုဆိုင်ရာခြောက်မျိုးကို ခေတ်မီစက်ကိရိယာများဖြင့် စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

တစ်ရွာလုံးနီးပါး ယပ်တောင်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် တစ်နှစ်ပတ်လုံး ဝင်ငွေများရရှိ

မန္တလေး ဒီဇင်ဘာ ၁၄

အိမ်တိုင်းသို့ ဝင်လိုက်သည်နှင့် ပုံနှိပ်တိုက်အပ်ရန် အနေအထား ယပ်တောင်နှင့် စတင်ပြုလုပ်နေသော ယပ်တောင်ဝါးကလေးများကို အစီအရီ တွေ့နေရသည်။ မိသားစုအိုးမကွာ အိမ်မကွာ ဝင်ငွေဖော်ဆောင်ပေးသော လုပ်ငန်းဖြစ်ပြီး ရိုးရာယဉ်ကျေးမှု လက်မှုအနုပညာကို ထိန်းသိမ်းထားသည့် ရွာကလေးပင်ဖြစ်သည်။ ထိုရွာကလေးမှာ မန္တလေးမြို့အနီး ရှမ်းရိုးမတောင်တန်းကြီးကို မျက်နှာပြုထားသည့် ပုသိမ်ကြီးမြို့နယ်ထဲမှ ရေကြည်စံပြကျေးရွာပင်ဖြစ်သည်။

ရေကြည်ရွာထွက် ယပ်တောင်ကုန်ကြမ်းများကို မန္တလေးမြို့နှင့် အနီးတစ်ဝိုက်သာမက နယ်အနှံ့တစ်နှစ်ပတ်လုံး တွင်ကျယ်စွာ ပို့ဆောင်ပေးရသည်။ မြန်မာလူမျိုးတို့သည် အလှ။ မင်္ဂလာဆောင်များနှင့် လူမှုရေးပွဲများတွင် ယပ်တောင်ကို အမှတ်တရပုံနှိပ်ရိုက်ကာ အသုံးပြုကြသည်။ ယပ်တောင်တစ်ချောင်းဖြစ်ရန် ကုန်ကြမ်းရှာဖွေရေးနှင့် ယပ်တောင်ထုတ်လုပ်သူတို့ပူးပေါင်းပါမှ လှပသော ယပ်တောင်များကို ရရှိကြောင်းသိရသည်။

ယပ်တောင်အတွက် အဓိကကုန်ကြမ်းမှာ ဝါးပင်ဖြစ်သည်။အများအားဖြင့် မျှင်ဝါးကိုအသုံးပြုရသော လုပ်ငန်းဖြစ်သည်။ ယခင်က မျှင်ဝါးကို ရေကြည်ရွာအနီးတစ်ဝိုက်ရှိ တောင်များမှရရှိသော်လည်း ယခုမူ ယပ်တောင် ကုန်ကြမ်းဝါးများကို အခြားတောင်များသို့ သွားရောက်ရှာဖွေရသည်။ အဓိကအားဖြင့် ရေကြည်ရွာအတွက် ယပ်တောင်ကုန်ကြမ်းမျှင်ဝါးများကို ပုသိမ်ကြီးမြို့နယ် ရွှေကျင်ရေရွာက အဓိက ပို့ဆောင်ပေးလျက်ရှိသည်။

ယပ်တောင်ကုန်ကြမ်းဝါးများ ရှာဖွေရာတွင် တောင်ပေါ်မှ တစ်ပေခွဲခန့်ဝါးခြမ်းများအဖြစ်ပြုလုပ်ပြီး ပို့ဆောင်ပေးကြသည်။ အများအားဖြင့် တောင်ပေါ်မှ ဆိုင်ကယ်များဖြင့် သယ်ဆောင်ကာ ဆင်းလာတတ်ကြသည်။ ရရှိလာသောကုန်ကြမ်းဝါးခြမ်းကို ယပ်တောင်လက်မှုပညာရှင်များက ပါးလွှာလှပသောအချောင်းကလေးများဖြစ်လာအောင် ဓားထက်ထက်ဖြင့် အလက်ဖြာခြင်းလုပ်ငန်းကို လုပ်ကိုင်ကြရသည်။

အလက်ဖြာပြီးသော ဝါးကလေးများကို လက်ကိုင်တွင်ကိုင်းအကွေးတပ်ရန်အတွက် အပေါက်ဖောက်ပေးရသည်။ ပြီးသည်နှင့်ကိုင်းတပ်ကာ လှပသော ယပ်တောင်ကုန်ကြမ်းဖြစ်အောင် ချည်သားကြိုးနှင့်ကျစ်ကာ ချည်နှောင် ပုံဖော်လေ့ရှိသည်။ ပုံဖော်ပြီးသည်နှင့် ပုံနှိပ်စက်အပ်နှိုင်သည့်အနေအထား ဝါးယပ်တောင်ကုန်ကြမ်းများကို အစီအရီရေတွက်ထုပ်ပိုးပြီး မှာယူထားသည့် ပုံနှိပ်စက်များသို့ တင်ပို့ပေးရကြောင်း သိရသည်။

(တိမ်တမန်)

◆◆

မန္တလေး၌ ဆောက်လုပ်ရေး၊ နည်းပညာနှင့် ခေတ်မီနေထိုင်မှုပြပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး)မှ ကြီးမှူး၍ ဆောက်လုပ်ရေး၊ နည်းပညာနှင့် ခေတ်မီနေထိုင်မှုပြပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ ဖွင့်ပွဲမှခဲဦး၌ ကျင်းပသည်။

အဆိုပါပြပွဲတွင် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော လေအေးစက်အမျိုးမျိုး၊ ထိုင်းနိုင်ငံမှ ထုတ်လုပ်သော အိမ်ဆောက်ပစ္စည်းများ၊ တံခါးများ၊ သစ်အချောထည်များ၊ ပါကေးများ၊ ကျောက်ဆည်စက်မှုနယ်မြေမှ ထုတ်လုပ်သော အဆင့်မြင့်မှန်များ၊ ကိုရီးယားနိုင်ငံမှ တင်သွင်းသောအိမ်အလှဆင်ပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ အိမ်သုတ်ဆေးအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းများ၊စက်မှုဇုန်မှထုတ်လုပ်သောဝါယာကြိုးများ၊ မီးငြိမ်းသတ်ရေးကိရိယာများ၊ မီးသတ်ဆေးဘူးများ၊ အီတလီနိုင်ငံမှ တင်သွင်းသော ရေစုပ်စက်များ၊ ရေပန့်များ၊ ရန်ကုန်၊ မန္တလေးပြင်ဦးလွင်မြို့များတွင် တည်ဆောက်လျက်ရှိသော ကွန်ဒိုမီနီယမ်များ၊ လုံးချင်းအိမ်ရာများ အပါအဝင် နိုင်ငံ ၁၂ နိုင်ငံမှ ပြခန်းပေါင်း ၁၀၀ကျော်က နောက်ဆုံးပေါ် နည်းပညာဖြင့် ထုတ်လုပ်သော ပစ္စည်းများကို ကုမ္ပဏီများက တိုက်ရိုက်မိတ်ဆက်ပြသရောင်းချပေးလျက်ရှိသည်။

ပြပွဲကိုဒီဇင်ဘာ ၁၄ ရက်မှ ၁၇ရက်အထိ နံနက်၉ နာရီမှ ည ၈နာရီ အထိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

လမ်းမတော်နှင့် မင်္ဂလာတောင်ညွှန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၄

သက်နိုင်ဦး(ခ)ကုလားအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မင်္ဂလာတောင်ညွှန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၂ ရက်က မင်္ဂလာတောင်ညွှန့်မြို့နယ် သပြေကုန်းရပ်ကွက် မင်္ဂလာဈေးဝင်းရှိ "ရွှေမြို့တော်"တည်းခိုခန်း အခန်းအမှတ်(၅၁၅)သို့ ဝင်ရောက် ရှာဖွေရာ အခန်းအတွင်း သက်နိုင်ဦး(ခ)ကုလားအား တွေ့ရှိရပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၅ ပြားကို လည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်က လမ်းမတော်မြို့နယ် (၈)ရပ်ကွက် အောင်ရတနာလမ်း သခင်မြ ပန်းခြံအနီးတွင် AA ပရိုဘောက်အဖြူရောင် ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်တွင် မျိုးတင်အောင်(ခ)ဂဏန်း၊ နောင်နောင်(ခ)သုနောင်နှင့် သားသား(ခ) ကျော်လင်းတို့ သုံးဦးအားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၉၉၅ ပြားနှင့် ဘီနိုးဖြူအလေးချိန် သုည ဒသမ ၀၁၀၆ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

အထူးကားအများစု ကျွမ်းထိုးမောင်းနှင်မှုများလာ၍ စီးနင်းသူများအာဂက်ကြုံ

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်မြို့တွင်း ခရီးသည်တင်လိုင်းများပြေးဆွဲရာတွင် အထူးကားခရီးစဉ်အချို့တွင် အဝိုင်းပတ်များရှိသည်။ ရန်ကုန်မြို့တွင်းပြေးဆွဲရာတွင် တာမွေဘက်မှလာသော အဝိုင်းပတ်နှင့် ကြည့်မြင်တိုင်၊ လှည်းတန်းမှလာသော အဝိုင်းပတ်ဟူ၍ ရှိကြသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲသော ယာဉ်လိုင်းများ ခရီးစဉ်ဆုံး အပြည့်ပြေးဆွဲရန် သက်ဆိုင်ရာမှသတ်မှတ်ထားသော်လည်း လိုက်နာမှုအားနည်းနေသည်ကို မြင်တွေ့ရသည်။ ရန်ကုန်မြို့လယ်တွင် လိုင်းကားအများစု လမ်းကြောင်းဆုံးသည်အထိ မောင်းနှင်ခြင်းမပြုဘဲ ကွေ့ကားအဖြစ် ပြောင်းလဲပြေးဆွဲနေသည်ကို မြင်တွေ့ရသည်။ သို့ဖြစ်ရာ ယာဉ်လိုင်းအများစု ကွေ့ကားအပြင် ခရီးလမ်းကြောင်းအဆုံးထိ မပြေးဆွဲဘဲ ပြောင်းလဲပြေးဆွဲနေမှုသည် လုပ်ရိုးလုပ်စဉ်သဘောမျိုးဖြစ်လာသည်။ သာကေတမှ (၀၊်းတန်း)ကီလီသို့သွားရန် လသာကွေ့ကား စီးမိသူ ကိုသောင်းချစ်က ကွေ့ကားကြောင့် ကားပြောင်းစီးရသည်ဟုဆိုသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု၊ ခုံးကျော်တံတားအသစ်များ တည်ဆောက်မှုတို့ကိုအကြောင်းပြုခြင်းနှင့် ဝင်ငွေပိုမိုရရှိရန်တို့အတွက် အဝိုင်းပတ်ကားများသည်လည်း ယာဉ်လုပ်သားတို့အခေါ် အဝေါ် အရ ကျွမ်းထိုးခြင်းများ ပြုလုပ်လာသည်ကိုမြင်တွေ့ရမှုများလာသည်ဟု မြောက်ဥက္ကလာပ ကျောက်ရေတွင်းမှ ရန်ကုန်မြို့တွင်းသို့ အလုပ်လာရောက်လုပ်ကိုင်သူ အဝိုင်းပတ်ကားစီးခရီးသည် ဦးဖိုးဇော်ကဆိုသည်။

ဒီဇင်ဘာ ၁၀ ရက် ညနေပိုင်း တာမွေဘက်မှ အဝိုင်းပတ်အထူးကားတစ်စီးသည် လမ်းသစ် (မော်တင်) လမ်းမှတစ်ဆင့် ကျွမ်းထိုးမောင်းနှင်လာသည်။ တာမွေအဝိုင်းပတ်လမ်းကြောင်းမှပြောင်းလဲ၍ လှည်းတန်း၊ ကြည့်မြင်တိုင် အဝိုင်းယာဉ်အဖြစ်ပြောင်းလဲမောင်းနှင်ခြင်းဖြစ်သည်။ အဆိုပါယာဉ်ပေါ်ပါ အမျိုးသမီး ငယ်တစ်ဦးမှ နားတွင်ဖုန်းကြိုးတပ်ထားသဖြင့် ယာဉ်လုပ်သားတို့၏ မော်တင်အထိနောက်ဆုံးဆိုသော ပြောသံမကြားရဘဲ ယင်းယာဉ်ပေါ်စီးနင်းလာခဲ့မိသည်။

ကျွမ်းထိုးသော အဆိုပါအထူးကားသည် မော်တင်(လမ်းသစ်)မှတ်တိုင်တွင် ခရီးသည်များအား ဆင်းခိုင်းရာ အဆိုပါအမျိုးသမီးနှင့် စကားအခြေအတင်များသည်ကို မြင်တွေ့ရသည်။

အဆိုပါကား လမ်း ၄၀ မှတ်တိုင်မှ အထွက်မှတ်တိုင်များတွင်ရှိသော အချိန်မှတ်ပုဂ္ဂလိကပြင်ပလုပ်ကိုင်သူများ၏ သတင်းပေးချက်အရ ပုံမှန်အဝိုင်းပတ်လိုင်းပြေးဆွဲသော ကြည့်မြင်တိုင်၊ လှည်းတန်း အဝိုင်းပတ် လိုင်းကူ အထူးကားယာဉ်မောင်းဖြစ်သူထံမှ ဖုန်းပြောသံသည် ကျွမ်းထိုးယာဉ်လုပ်သား၏ ဖုန်းထဲဝင်ရောက်လာသည်။ နောက်ကားမှ မကျေနပ်သော ပြောသံကြောင့် မိမိယာဉ်ရပ်ပေးပြီးကျော်တတ်သွားရန် တောင်းပန်သော်လည်း မကျေနပ်ဘဲ ကားချင်းယှဉ်လာလျှင် ကားပေါ်တက်ရှင်းမည်ဟု ကြိမ်းဝါးသံထပ်မံကြားရသည်။

ဖုန်းပြောသံများ၊ ကျွမ်းထိုးယာဉ်ပေါ်မှယာဉ်လုပ်သားများ၏ပြောသံများကြောင့် ယာဉ်ပေါ်ပါခရီးသည်များ ရင်တမမနှင့်စီးလာရသည်။

အလားတူ ဒီဇင်ဘာ ၁၃ ရက် ညနေ ၃ နာရီ၀နီးကျင်တွင်လည်း လှည်းတန်း၊ ကြည့်မြင်တိုင်ဘက်လာသော အထူးကားတစ်စီးသည်မဟာဗန္ဓုလလမ်းပေါ်တွင် မဂ်လာဈေးအထိလာရောက်မည်ဆိုကာ လမ်းကြောင်းလှည့် ကျွမ်းထိုးမောင်းနှင်လာသည်ကို ထပ်မံမြင်တွေ့ရသည်။ ယာဉ်လုပ်သားအချင်းချင်းလည်း ကျွမ်းထိုးသည့် ဖြစ်စဉ်များကြောင့် ဝင်ငွေပိုသည်ဟု ပြောဆိုသံများ ကြားရသည်။ သို့သော်ခရီးသည်များအနေဖြင့် ယာဉ်လိုင်းများစီးနင်းရာတွင် ယာဉ်လုပ်သားတို့၏ စိတ်ဆန္ဒအတိုင်း ခေမာသီ၊ သုဓမ္မာအမည်များ ပြောင်းလဲ၍ ယာဉ်ရှေ့တွင်တင်ခြင်း၊ ကျွမ်းထိုးခြင်းများကြောင့် သွားလိုရာခရီးမရောက်ဘဲရှိနေကြသည်ဟု မြောက်ဥက္ကလာ အဝိုင်းပတ်ကားများ စီးနင်းနေရသူများကဆိုသည်။

ကျွမ်းထိုးသည်ဖြစ်စဉ်ကြောင့် လိုင်းတူယာဉ်အချင်းချင်း ခိုက်ရန်ဒေါသဖြစ်ပွားခြင်း၊ ယင်းသို့ဖြစ်ပွားရာတွင် ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်မှုရှိနိုင်ခြင်း၊ ကားလမ်းများပေါ်တွင် လိုင်းတူယာဉ်အချင်းချင်းသာမက အခြားသော ယာဉ်များနှင့် ခိုက်ရန်ဒေါသဖြစ်ပွားခြင်းဖြစ်စဉ်များ မီဒီယာများတွင်ဖတ်ရှုလာရသည်။

သက်ဆိုင်ရာမှ ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းလုပ်သားများ အားလိုက်နာရန် စည်းကမ်းချက် ၁၃၈ ချက်ထုတ်ပြန်ထားသည်။ စည်းကမ်းမဲ့မှုများကို ပြည်သူများ၏ တိုင်ကြားမှုအပါအဝင်အရေးယူမှုရှိသည်။ သို့သော် ကားခပိုမိုတောင်းခံမှု၊ ခရီးသည်များအပေါ် မချေမင်ပြောဆိုမှု၊ လမ်းကြောင်းအပြည့်မပြေးဆွဲဘဲ ကွေ့ကား၊ ကျွမ်းထိုးကားများအဖြစ် ပြောင်းလဲပြေးဆွဲ၍ ခရီးသည်များလိုရာခရီးသို့ ကားပြောင်းစီးသွားလာနေရမှုများ ပိုမိုများပြားနေဆဲဖြစ်သည်။ ထို့ပြင် ယာဉ်လုပ်သားအချို့၏ ခိုက်ရန်ဒေါသဖြစ်မှုများကားလမ်းများပေါ်တွင် မြင်တွေ့ရသည်။

လမ်းပေါ်ရှိ ရုပ်ဝတ္ထုအမှိုက်များအား နေရာအများအပြားတွင် သိမ်းဆည်းမှုများပြုလုပ်နေသော ယနေ့အချိန်တွင် လူဦးရေသန်းချီရှိသော ရန်ကုန်မြို့တွင်း ယာဉ်လိုင်းစီးခရီးသွားများအတွက် အမှိုက်သဖွယ်ဖြစ်နေသော ယာဉ်လိုင်းအများစုပေါ် ကြုံတွေ့နေရဆဲဖြစ်သော စည်းကမ်းမဲ့ဖြစ်စဉ်များကို ကောက်ယူသိမ်းဆည်းမှု စတင်သင့်သည်ဟု ခရီးသွားများက ပြောဆိုလာကြသည်။

မောင်စေအောင်

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြရှင်းလင်း

ဘားအံ ဒီဇင်ဘာ ၁၄

ကရင်ပြည်နယ် ဘားအံမြို့တွင် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ဦးစီး၍ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၊ အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ စျေးကော်မတီအဖွဲ့များ၊ စျေးတာဝန်ခံနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများပါဝင်သော အဖွဲ့များသည် ဘားအံမြို့မစျေးကြီးအတွင်းနှင့်အမှတ်(၁)အဆင့်မြင့်စံပြစျေးကြီးအတွင်းရှိ စျေးဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်ခြင်းအား လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြခြင်းအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်း၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော မီးသတ်တပ်ဖွဲ့ဝင် အင်အား ၄၀ ခန့်က မီးငြိမ်းသတ်ယာဉ်လေးစီးဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး (ဘားအံ)

တရုတ်နိုင်ငံက စျေးကြီးပေးဝယ်ယူနေခြင်းကြောင့် မြေပဲကုန်ကြမ်းရှားပါးလာပြီး ပြည်တွင်းခ္ဍ ပဲဆီစျေးနှုန်းမြင့်တက်လျက်ရှိ

ကောလင်း ဒီဇင်ဘာ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ၊ ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာနှင့် ကသာ၊ ကောလင်း၊ ဝန်းသို၊ပင်လည်ဘူး၊ အင်းတော်၊ ထီးချိုင့်မြို့နယ်တို့၌ ယမန်နှစ်မိုးမြေပဲနှင့် ဆောင်းမြေပဲပေါ်ခ္ဍိန်ခ္ဍ ဆီကြိတ်ရန်လိုအပ်သော မြေပဲကုန်ကြမ်းကို တရုတ်နိုင်ငံမှစျေးကြီးပေးကာ ဝယ်ယူနေခြင်းကြောင့် မြေပဲကုန်ကြမ်းရှားပါးလာပြီး ယခုနှစ်နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း မြေပဲဆီတစ်ပိသာလျှင် ငွေကျပ်ခြောက်ထောင်ခန့်ထိ မြင့်တက်သွားကြောင်း မြေပဲဆီသန့်အရောင်းစျေးကွက်မှ သိရသည်။

"မနှစ်က စိုက်ကြတဲ့မြေပဲတွေမှာ တချို့ဒေသတွေဆိုရင် အထွက်နှုန်းလျော့နည်းချိန်နဲ့ တရုတ်နိုင်ငံက မြေပဲကုန်ကြမ်းကိုရသလောက် စျေးကောင်းပေးဝယ်လာတယ်။ ဒါကြောင့် စျေးများများပေးတဲ့ဆီ ရောင်းချတာတွေများလာတယ်။ အဓိကမြေပဲကုန်ကြမ်းတွေ စျေးတက်လာတော့ ပြည်တွင်းမြေပဲဆီစျေးလည်း လိုက်မြင့်တက်လာတယ်။ အရင်နှစ်တွေကဆိုရင် မြေပဲဆီသန့် တစ်ပိသာကို ငွေကျပ် ၄၂၀၀ ကျော်ကနေပြီးခဲ့တဲ့နှစ် ဇူလိုင်လထဲကစပြီး တဖြည်းဖြည်း ငွေကျပ် ၅၀၀၀ ကျော်ကနေ အခုငွေကျပ် ၆၀၀၀ နဲ့ ရောင်းနေရတော့ အရောင်းအ၀ယ် အေးပါတယ်"ဟု ကောလင်းမြို့ ရတနာ၀ဲ ဆီသန့်အရောင်းဆိုင်က ပြောသည်။

မြေပဲကုန်ကြမ်းများကို တရုတ်နိုင်ငံမှအ၀ယ်ကိုယ်စားလှယ်များထားရှိကာ ၀ယ်ယူရာတွင် ၂၀၁၄ ဖေဖော်ဝါရီလမှ ၂၀၁၅ မေလအထိ မြေပဲဆန်တစ်တင်းလျှင် ငွေကျပ် ၃၈၄၀၀ မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀ ထိပေးကာ ဝယ်ယူနေခြင်းကြောင့် မြေပဲကုန်ကြမ်းစျေးမှာ မြင့်တက်နေခြင်းဖြစ်ပြီး မြေပဲဆီသန့်စျေးနှုန်းများမှာ မြင့်တက်နေခြင်းကြောင့် စျေးနှုန်းသက်သာ သည့် စားအုန်းဆီနှင့် နေကြာဆီကို စားသုံးမှု ပိုမိုများပြားလာပြီး မြေပဲဆီသန့်စားသုံးသည့် လူနည်းစုလောက်သာ ရှိကြောင်း သိရသည်။

ယခုအခါ မြေပဲကုန်ကြမ်းများ ကြိတင်လိုက်လံ ဝယ်ယူမှုများရှိလာသဖြင့် မြေပဲကုန်ကြမ်းစျေးတက်နိုင်ဖွယ်ရှိလာသောကြောင့် ကောလင်းမြို့ရှိ မြေပဲဆီသန့်အရောင်းဆိုင်များသည် နှစ်စဉ် လက်လီလက်ကားဖောက်သည်များအား အများအပြားရောင်းချခြင်းမရှိဘဲ လက်လီများကိုသာ ရောင်းချနေလျက်ရှိပြီး ကောလင်းမြို့ စားသုံးဆီစျေးကွက်တွင် နေကြာဆီတစ်ပိသာလျှင် ငွေကျပ် ၄၀၀၀၊ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၁၉၀၀ မှ ၂၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

စိုင်းလူမင်း(မီဒီယာ၀ရှ)

ကျန်းမာရေးနှင့်သဘာ၀ဘေးအန္တရာယ် အသိပညာပေးဟောပြော

ကျောက်တန်း ဒီဇင်ဘာ ၁၄

ရန်ကုန်(တောင်ပိုင်းခရိုင်)ကျောက်တန်းမြို့နယ် တံတားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောက်တန်းမြို့နယ် ကြက်ခြေနီအသင်းမှ ကျန်းမာရေးနှင့်သဘာ၀ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကိုပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တံတားမြို့အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး တံတားမြို့ဆေးရုံမှ ဒေါက်တာပိုလ်မင်းက HIV,AIDS ရောဂါအကြောင်း ဟောပြောခဲ့သည်။ ထို့နောက် ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးခိုင်ကလည်းကောင်း၊ ကျောက်တန်းမြို့နယ် ကြက်ခြေနီအသင်း လူငယ်နှင့် ကျောင်းကြက်ခြေနီတာ၀နခံ (တပ်စုမှူး)ဦးအောင်ကိုဝင်းက တီဘီရောဂါ အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ကျောက်တန်းမြို့ ကြက်ခြေနီတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးအောင်ကျော်ဦးက ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်ရေးကို လက်တွေ့သရုပ်ပြ အသိပညာပေးဟောပြောပြီး တံတားမြို့(အထက)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်း၀င်းက ကျေးဇူးတင်စကားပြောကြားခဲ့ ကြောင်းသိရသည်။

အောင်ဆွေ(ရွှေတံတား)

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်

ဗန်းမော် ဒီဇင်ဘာ ၁၄

ကချင်ပြည်နယ် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းခန်းမ၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၃၄/၂၀၁၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၂/၂၀၁၅) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်ပွဲကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားပြီး အိမ်တွင်းမှုသင်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဥက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များအလိုက် ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၄၂ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

ကောလင်းမြို့နယ်ရှိ ရွှေမင်းဝံလမ်းမကြီး လမ်းပခုံးတိုးချဲ့ဆောင်ရွက်

ကောလင်း ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ကောလင်း-တောင်မော်ကျောက်တန်းလမ်းပိုင်း ရွှေမင်းဝံလမ်းပိုင်းအား လမ်းပခုံးတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကောလင်းမြို့နယ် လမ်းဦးစီးဌာနက တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၆ သန်းဖြင့် အရှည် ၆ ဖာလုံအား တစ်ဖက် ၄ ပေအကျယ် လမ်းပခုံးတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ရွှေမင်းဝံလမ်းသည် ကောလင်းမြို့၏ အချက်အချာကျသော လမ်းမကြီးဖြစ်၍ အဝေးပြေးကားများ နေ့စဉ်သွားလာမှုနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုအတွက် အဓိကလမ်းမကြီးဖြစ်ကြောင်း၊ ယခင်ကလမ်းသားကျဉ်းမြောင်းပြီး ကားများတစ်စီးနှင့်တစ်စီး ရှောင်တိမ်းရာတွင် အခက်အခဲရှိကြောင်း၊ လမ်းပခုံးတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကားများသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုမောင်(ကောလင်း)

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၅ - ၁၂ -၂၀၁၅ (အင်္ဂါနေ့)]

MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+မေတ္တသုတ်
- ၅း၄၀ "သင်္ဘာယတန ဝိဘင်္ဂသုတ် အနှစ်ချုပ်"(အပိုင်း-၁) တရားတော်(ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
- ၈း၀၀ Cartoon Series (English Playground)
- ၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၃၅ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၀း၀၀ သွားမယ် စားမယ်(My Friend-2)
- ၁၀း၂၅ Forever Music Tribute Raggae (အပိုင်း-၅) (ဒုတိယပိုင်း)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၅)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၁၆)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၁)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၂)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၁၇)
- ၈း၁၅ ရသစုံညွှန်းတမ်းများ
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျှင်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၆၆)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၆)
- ၁၀း၂၀ MRTV-4 Stage
- ၁၀း၄၅ World Of Knowledge (Seconds from Disaster : Norway Massacre)

မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၄၀ မှတ်တမ်း
- ၆း၃၅ မြန်မာသံစဉ်ချိန်းဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ VOA အင်္ဂလိပ်စာသင်နမ်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၈း၅၅ မြဝတီနေ့စဉ်သတင်း
- ၁၀း၀၀ English For Myanmar
- ၁၀း၀၇ မျိုးချစ်တပ်မတော်
- ၁၀း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -နတ်ရေးတဲ့တိမ်ပန်းချီ နေမင်းမယ်လိုဒီနှင့် သရုပ်ဆောင်များ၁ါရိုက်တာ ကုသိုလ်
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေ အပိုင်း(၁၆)
- ၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၅ မြန်မာသံစဉ်ချိန်းဝင်
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်ခွဲ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၈၅)
- ၅း၅၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၄၄)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း ပိုးလေ၀သသတင်း လူရွှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည်နိမိတ်သင် အပိုင်း(၂၅)

mitv

- 07:03 Am News
- 07:25 Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
- 07:40 The Iron Rider
- 07:53 Young Talents "Animator Swan Thura Htun"
- 08:24 Kyaikhteeyoe: My Father The Porter
- 08:31 Sayit-wyne Girls
- 08:54 Paper Flower
- 09:26 The Strokes of Myanmar
- 09:51 Today Myanmar: Private Teak Plantation
- 10:26 Natural Lake: Fish Breeding Business
- 10:38 Ywar Thit's Monhinkhar
- 10:51 Art Students: Theatrical Art
- 07:26 A Day Out With Sarah (Ep-3)
- 07:51 Graffiti: Portraiture
- 08:26 Discovering Tribes "Lisu: Their Life and Customs" (Part- I)
- 08:54 Now in Yangon

အဆုံးသတ်ဇာတ်ကားဖြစ်လာမယ့် How To Train Your Dragon3

ယခင်နာမည်ကြီး ရုပ်သံဇာတ်လမ်းတွဲ How To Train Your Dragon ကို ပြန်လည်အသက်သွင်းပုံဖော်တင်ဆက်နေတဲ့ How To Train Your Dragon ကာတွန်းဇာတ်ကားကို ယခုအပိုင်း(၃)ဖြစ်တဲ့ How To Train Your Dragon 3 မှာပဲ ဒီဇာတ်လမ်းရဲ့အဆုံးသတ်ကို ကြည့်ရှုခံစားရမှာဖြစ်တယ်လို့ Dream Works မှ အလုပ်အမှုဆောင် ကတ်ဇမ်းဘာ့ဂ်က ဟေလ်တန်ဖော့ဖြေရေးအေဂျင်စီကို သတင်းပေးခဲ့ပါတယ်။ မူလက အပိုင်းလေးပိုင်းလောက်အထိ တင်ဆက်ဖို့ ရည်ရွယ်ခဲ့ပေမယ့် အခုတော့ အပိုင်း(၃)ကို ဇာတ်လမ်းရဲ့ အဆုံးပိုင်းအဖြစ် ပရိသတ်တွေအနေနဲ့ ကြည့်ရှုရတော့မှာ ဖြစ်ပါတယ်။

ရုံတင်မယ့်ရက်ကတော့ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၉ ရက်ဖြစ်တာကြောင့် ပရိသတ်တွေ ကြည့်ရှုခွင့်ရဖို့ နှစ်နှစ်ခွဲလောက်စောင့်ရဦးမှာ ဖြစ်ပါတယ်။ ပထမတော့ဒီကာတွန်းကားကို ၂၀၁၆ ဇွန်လအတွင်းမှာ ပြသမယ်လို့ စီစဉ်ခဲ့ပေမယ့် အကြောင်းကြောင်းတွေကြောင့် ၂၀၁၇ ရောက်မှသာ တင်ဆက်နိုင်ဖို့များတယ်လို့ ဆိုခဲ့ပေမယ့် အခုတော့ ၂၀၁၈ ရောက်မှသာ ရုံတင်ပြသနိုင်တော့မှာပါ။

ဇာတ်လမ်း ကျော်ရိုးကတော့ ဟက်ဒေါ့ဂ် နဂါးတွေကို လေ့ကျင့်ပေးနေတဲ့ မင်းသားလေးတစ်ပါးဖြစ်ပြီး ဒီထဲမှာမှ နိုက်ဖျူရီဆိုတဲ့ သွားမရှိတဲ့ နဂါးလေးဟာ သူ့ရဲ့အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် ဖျူရီက အယ်လ်ဖာ့နဂါးအဖွဲ့မှာ ခေါင်းဆောင်ဖြစ်လာခဲ့ပြီး ဘာတွေဆက်ဖြစ်လာမလဲဆိုတာ How To Train Your Dragon 3 မှာပဲ ပရိသတ်တွေအဖြေသိရတော့မှာပါ။

ဒီဇာတ်ကားရဲ့ ထုတ်လုပ်သူက ဘော်နီအာနိုးဖြစ်ပြီး ဒီဘလွိုက်ကဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးထားပါတယ်။ အသံသရုပ်ဆောင်များအဖြစ် ဂျေးလ်ဘာရူရှယ်လ်၊ ကိတ်ဘလန့်ချက်၊ တီဂျေမေလာစတဲ့ အနုပညာရှင်များက ပါဝင်အားဖြည့်ထားပါတယ်။

ဆမ်မန်ခန်က ညီအစ်ကိုလိုပါပဲဟု ရှရွတ်ခန်ဆို

ဘောလိဝုဒ်၏ အကျော်ကြားဆုံးကြယ်ပွင့်ရှရွတ်ခန်က ဆမ်မန်ခန်မှာ သူ့အတွက် ညီအစ်ကိုရင်းလို့ သဘောထားရသူဖြစ်ကြောင်း တွစ်တာအမေး

အဖြေကဏ္ဍတွင် ထည့်သွင်းဖြေကြားခဲ့သည်။ ဆမ်မန်ခန်နှင့် ရှရွတ်ခန်တို့သည် အတိတ်ကာလတွင် အဆင်မပြေမှုများရှိခဲ့သော်လည်း အိန္ဒိယရေသေးကိစ္စတွင် နှစ်ဦးလုံး အင်တိုက်အားတိုက်ပါဝင်ကူညီခဲ့ကြပြီးနောက်ပိုင်း ယခင်ကဲ့သို့ ရင်းနှီးသောဆက်ဆံရေး ပြန်လည်ရရှိလာခြင်းဖြစ်သည်။

သူတို့နှစ်ဦး၏ ရင်းနှီးနွေးထွေးစွာ ဆက်ဆံလာမှုပုံရိပ်များသည် နိုဝင်ဘာနောင်းပိုင်းနှင့် ဒီဇင်ဘာလဆန်းပိုင်းတွင် အိန္ဒိယမီဒီယာစာမျက်နှာများတွင် နေရာယူမှုအများဆုံးသော အကြောင်းအရာများလည်း ဖြစ်လာခဲ့သည်။ ယခုတစ်ဖန် ပြန်လည်ရရှိသည့်ဆက်ဆံရေးက သူတို့နှစ်ဦးကြားရှိသည့် သံယောဇဉ်ကို ပိုမိုခိုင်မြဲလာစေခဲ့ကြောင်း ရှရွတ်ခန်က ဆိုခဲ့သည်။

တွစ်တာအမေးအဖြေကဏ္ဍတွင် ပရိသတ်တစ်ဦးက "ကဲ ခန်ရေ ခင်ဗျားမှာ ညီအစ်ကိုအရင်းတစ်ယောက်ရှိနေတယ်ဆိုပါစို့။ ဘယ်လိုသဘောထားမှာလဲ" ဟု မေးမြန်းခဲ့ရာ ရှရွတ်ခန်က ချက်ချင်းဆိုသလိုပင် "ကျွန်တော့်သားနှစ်ယောက်က ကျွန်တော့်မိတ်ဆွေလို သူငယ်ချင်းလိုပဲ သဘောထားရသူတွေပါ။ ဒီထဲမှာ ဆမ်မန်ကလည်း အမြဲတမ်း ချစ်ခင်ရသူပေါ့။ သူက ညီအစ်ကိုအရင်းပဲပေါ့ဗျာ" ဟု ပြန်လည်ဖြေကြားခဲ့သည်။

မေလဲ့သင်း - စုစည်းသည်

(၂၆)နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ တေလာဆွစ်ရဲ့ ကံကောင်းတဲ့နှစ် ၂၀၁၅

ပေါ့ပ်အဆိုတော် တေလာဆွစ်က ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၃ ရက်နေ့မှာပဲ အသက်(၂၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ဂရမ်မီဆုများရဲ့ဘုရင်မတေလာဆွစ်ဟာ ဒီ ၂၀၁၅ တစ်နှစ်လုံး နယ်ပယ်စုံမှာ ကံကောင်းနေခဲ့ပြီး သူရဲ့ 1989 World Tour က အကြီးအကျယ်အောင်မြင်မှုရနေသလို၊ တစ်ဦးချင်းထူးချွန်ဆုဆန်ခါတင်စာရင်းတွေရဲ့ထိပ်ဆုံးမှာ သူ့ရဲ့အမည်ကို အမြဲတွေ့နေရမှာဖြစ်ပါတယ်။ အရင်က အကွဲအပြဲ ဇာတ်လမ်းတွေနဲ့သာ အဆုံးသတ်နေခဲ့တဲ့ အချစ်ရေးမှာလည်း ဒီနှစ်တော့ အခုထိအဆင်ပြေပြေ လျှောက်လှမ်းနေဆဲပါပဲ။ သူဟာ ချစ်သူ ကယ်လ်ဗင်ဟားရစ်နဲ့ တွဲနေတာ လပေါင်းအတော်ကြာနေပြီဖြစ်ပေမယ့် ဒီအချိန်မှာတော့ လက်တွဲမြဲနေခဲ့တာကို အံ့အားသင့်ဖွယ်တွေ့ကြရမှာပါ။

တေလာဟာ 1989 World Tour ဖျော်ဖြေပွဲတွေနဲ့မအားလပ်တဲ့ကြားထဲကပဲ မွေးနေ့မှာ ချစ်သူ ကယ်လ်ဗင်ဟားရစ်နဲ့ အတူတကွ ဖြတ်သန်းဖို့ အမေရိကန်ပြည်ထောင်စုကို ပြန်လာခဲ့ပါတယ်။ ပြီးတော့ သူတို့နှစ်ဦးက ဒီမွေးနေ့ရက်ကနေစပြီး ရက်သတ္တပတ်နှစ်ပတ်ကြာ အတူတကွ ရှိနေမှာဖြစ်တယ်လို့လည်း ဟောလိဝုဒ်လိုက်ဖ်ကဖော်ပြပါတယ်။ တေလာဆွစ်က အရင်ကကန်ထရီးသီချင်းတွေကိုသာ သီဆိုခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ပေါ့ပ်လိုင်းကို ကူးပြောင်းလာတဲ့ အဆိုတော်ဖြစ်ပါတယ်။

တေလာက ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်ခဲ့သူဖြစ်ပေမယ့် အခုထိသူ့ရဲ့ အောင်မြင်မှုကို ထိန်းထားနိုင်ဆဲဖြစ်ပြီး ယခုနှစ်ဂရမ်မီဆု ဆန်ခါတင်စာရင်းမှာ သူ့ရဲ့အမည်ကို ခြောက်နေရာ အထိနေရာယူထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် လာမယ့်ဒီဇင်ဘာ ၂၀ ရက်နေ့မှာ APPLE 1989 World Tour Live အစီအစဉ်တွေနဲ့ အလုပ်ရှုပ်နေဦးမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၅ ခုနှစ်က တေလာ့အတွက် လုပ်ငန်းပိုင်းအကြီးအကျယ်အောင်မြင်တဲ့နှစ်လို့ သုံးသပ်ရမှာဖြစ်သလို မေတ္တာရေးမှာလည်း အစစအရာရာ အဆင်ပြေတဲ့နှစ်ဖြစ်တာကြောင့် ကံကောင်းတဲ့နှစ်လို့ ဆိုချင်ပါတယ်။

ယူရို ၂၀၁၆ အုပ်စုများ မိတ်ဆက်

ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ အုပ်စုတွေနဲ့ ပွဲစဉ်တွေကို မဲခွဲဆုံးဖြတ်ခဲ့ပြီးပါပြီ။ အဲဒီလိုမဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် ထွက်ပေါ်လာတဲ့အုပ်စုတွေကို စတင်မိတ်ဆက်လိုက်ပါတယ်။

အုပ်စု(A)

ပြင်သစ် ။ ။ ပြင်သစ်ဟာ ၁၉၈၄ ခုနှစ်က ယူရိုပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့စဉ်က ယူရိုဖလားကို အိမ်ရှင်အသင်းတစ်သင်းအနေနဲ့ နောက်ဆုံးဆွတ်ခူးနိုင်ခဲ့တဲ့အသင်းလည်းဖြစ်တယ်။ အခု ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဖလားရရှိဖို့ ရေပန်းစားနေတဲ့အသင်းလည်းဖြစ်တယ်။ ပြီးတော့ ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီတဲ့အသင်းလည်းဖြစ်တယ်။ အခုပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်လာတဲ့အသင်းဖြစ်တဲ့အပြင် ၁၉၈၄ နဲ့ ၂၀၀၀ မှာ ချန်ပီယံဖြစ်ထားတဲ့ အသင်းဖြစ်တယ်။

ပြင်သစ်မှာ ကစားသမားတွေအများအပြားရှိတဲ့အနက် ကွင်းလယ်ပိုင်းကို အဓိကမောင်းနှင်နိုင်မယ့် မက်တူဒီဟာ ပြင်သစ်အသင်းအတွက် အဓိကကစားသမားဖြစ်လာပါလိမ့်မယ်။ ဟူဂိုလိုးရစ်၊ ဂီရော့ဒ်၊ ကိုစီရယ်နီ၊ ဒီဘူချီ၊ ရှနိုက်ဒါလင်၊ မာရှယ်လ်၊ ကာဘာယီ၊ ဆက်ဂ်နာ၊ မန်ဂါလာ၊ ဆစ်ဆိုကို၊ ဆာခို၊ ဇူးမားတို့လို ပရီမီယာလီဂ်ကစားသမားအများအပြားရှိနေခဲ့တဲ့အပြင် အခြားသော ဥရောပရဲ့လီဂ်ပြိုင်ပွဲတွေမှာ ကစားနေတဲ့ကစားသမားကောင်းတွေရှိနေခဲ့တာကိုလည်း သတိပြုရမှာပါ။ ၁၉၉၈ ကမ္ဘာ့ဖလားနဲ့ ယူရို ၂၀၀၀ မှာ ဖလားရရှိခဲ့စဉ်က အသင်းခေါင်းဆောင်ဖြစ်ခဲ့တဲ့ လက်ရှိနည်းပြ ဒက်စ်ချွမ့်စ်ဟာလည်း ၂၀၁၄ ကမ္ဘာ့ဖလားတုန်းက ကွာတားဖိုင်နယ်အထိ တက်လှမ်းရန်စွမ်းဆောင်ပေးနိုင်ခဲ့တယ်။

ရိုမေးနီးယား ။ ။ ရိုမေးနီးယားဟာ အသင်းစုဖွဲ့မှုအားကောင်းပြီး နောက်တန်းခံစစ်ပိုင်းတောင့်တင်းတဲ့အသင်း။ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာလည်း အဆင့်(၁၆)မှာရှိတယ်။ ဥရောပရဲ့ ထိပ်တန်းကလပ်တွေမှာကစားတဲ့ ကစားသမားမရှိပေမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ အောင်ခဲ့တဲ့အသင်းဖြစ်တယ်။ ယူရို ၂၀၀၀ မှာ အင်္ဂလန်ကိုတောင် နောက်ဆုံးမိနစ်မှာရရှိခဲ့တဲ့ ပင်နယ်တီနဲ့နိုင်ပြီး ကွာတားအဆင့်ထိ တက်နိုင်ခဲ့တဲ့ခြေစွမ်းက လျှော့တွက်လို့မရပေ။

ရိုမေးနီးယားရဲ့ အဓိကကစားသမားကတော့ စပါးအသင်းနဲ့လမ်းခွဲကာ လက်ရှိနာပိုလီမှာကစားနေတဲ့ ဗဟိုခံစစ်မျူး ချီရစ်ချက်စ်ဖြစ်တယ်။ နည်းပြပိုင်းကိုကြည့်မယ်ဆိုရင် အိုင်အော်ဒါနက်စ်ကူးရဲ့ပဲ့ကိုင်မှုတွေက ရိုမေးနီးယားကို ယူရို ၂၀၁၆ ဘယ်အဆင့်အထိ ဆွဲခေါ်သွားမလဲစောင့်ကြည့်ရမယ်။ သူဟာ ၁၉၉၀ ပြည့်နှစ်များမှာ ရိုမေးနီးယားကို အကောင်းဆုံးကိုင်တွယ်ခဲ့သလို ၂၀၀၂ ကနေ ၂၀၀၄ အထိလည်း တာဝန်ယူခဲ့တယ်။ ၂၀၀၈ ကနေ ၂၀၁၂ အထိ လွတ်တော်အမတ်တာဝန်ထမ်းဆောင်ခဲ့တာကြောင့် ဘောလုံးလောကကို ခဏတာကျောခိုင်းခဲ့ပေမယ့် သူ့ကို ၂၀၁၄ မှာ နည်းပြအဖြစ် တတိယအကြိမ်ခန့်အပ်ခံခဲ့ရသူဖြစ်တယ်။

အယ်လ်ဘေးနီးယား ။ ။ အယ်လ်ဘေးနီးယားကတော့ ယူရို ၂၀၁၆ ခြေစစ်ပွဲအောင်ပြီး ပြင်သစ်မြေမှာကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲကို တက်လှမ်းနိုင်ခဲ့တယ်ဆိုပေမယ့် စည်းချက်မမှန်ဘဲ တက်လှမ်းလာခဲ့တဲ့အသင်းဖြစ်တာကြောင့် နောက်တစ်ဆင့်တက်ဖို့ ခက်ခဲပါတယ်။ တစ်အုပ်စုတည်းကျနေတဲ့ ပြင်သစ်၊ ရိုမေးနီးယားတို့လို အသင်းတွေကို ကျော်နိုင်ဖို့မလွယ်ကူပါဘူး။

ယူရိုပြိုင်ပွဲကိုလည်း ပထမဆုံးအကြိမ်ဝင်ခွင့်ရခဲ့တဲ့အသင်း။ အယ်လ်ဘေးနီးယားအတွက် အဓိကကစားသမားကတော့ ဘေဆယ်မှာကစားနေတဲ့ ကွင်းလယ်ကစားသမား ဆာခါဖြစ်ပြီး နည်းစနစ်ပိုင်းစွမ်းဆောင်ရည်မြင့်မားတဲ့ ကစားသမားပါ။ ဒါပေမယ့် နည်းပြပိုင်းကတော့ အားတက်စရာမရှိဘူး။ အီတလီနိုင်ငံသား နည်းပြဘီယာစီဟာ အောင်မြင်မှုရထားခြင်းမရှိဘူး။ ၂၀၀၂ တုန်းက အီတလီစီးရီးအေကလပ် မိုဒီနာကို ကိုင်တွယ်ခဲ့တယ်။ အူဒီးနီးကိုကိုင်တွယ်ခဲ့စဉ်မှာတော့ ၂၀၁၀ မှာ ထုတ်ပယ်ခံခဲ့ရတယ်။ ဒါကြောင့် အယ်လ်ဘေးနီးယားကတော့ နောက်တစ်ဆင့်ဆိုတာ မျှော်လင့်လို့မရပါဘူး။

ဆွစ်ဇာလန် ။ ။ ဆွစ်ဇာလန်ကတော့ ယူရိုပြိုင်ပွဲမှာ ရှုံး/ထွက်အဆင့် တက်လှမ်းနိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ၂၀၁၄ ကမ္ဘာ့ဖလားမှာတော့ ၁၆ သင်းအဆင့်ကို တက်နိုင်ခဲ့တယ်။ လက်ရှိအသင်းရဲ့ ပုံမှန်ပွဲထွက်လူစာရင်းဟာလည်း ဂျာမနီ၊ အင်္ဂလန်နဲ့ အီတလီတို့မှာ ကစားနေတဲ့ ကစားသမားတွေကို ထည့်သွင်းထားတယ်။ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာတော့ အိမ်ကွင်းလေးပွဲအနိုင်ရရှိခဲ့ပြီး အင်္ဂလန်ရဲ့နောက်အုပ်စု ဒုတိယနဲ့ တက်လာခဲ့တယ်။

ဆွစ်ဇာလန်အတွက် အဓိကကစားသမားကတော့ စတုတ်စီးတီးမှာ ကစားနေတဲ့ ရှာကီရီပါ။ ဆွစ်ဇာလန်အတွက် အကောင်းဆုံးကစားသမားလို့ ဆိုရမှာပါ။ နည်းပြကတော့ ပက်ကိုဗစ်ဖြစ်ပြီး ၂၀၁၄ ကမ္ဘာ့ဖလားအပြီးမှာ နည်းပြဟာစ်ဇီးလ်နေရာမှာ အစားထိုးခန့်အပ်ခြင်းခံခဲ့ရတဲ့နည်းပြဖြစ်တယ်။ ဆွစ်ဇာလန်ရဲ့ အဆင့်နိမ့်တဲ့ ကလပ်အသင်းတွေမှာ နည်းပြလုပ်ခဲ့ပြီး ၂၀၀၃ ကနေ ၂၀၀၈ အထိ မိဘမဲ့ဂေဟာမှာ အလုပ်လုပ်ခဲ့သူဖြစ်တယ်။ ဆွစ်ဇာလန်လည်း အုပ်စုကျော်ဖြတ်ဖို့ ရုန်းကန်ရမယ့်အသင်းတစ်သင်းလို့ မြင်မိပါတယ်။ **(နိုင်လင်းကြည်)**

ရီးယဲလ်ကိုပြန်သွားမှာလား အိုဇေးလ်

အာဆင်နယ်မှာ ခြေစွမ်းကောင်းပြသနေတဲ့ အိုဇေးလ်ကိုရီးယဲလ်က တစ်ကျော့ပြန်ပြန်လည်ခေါ်ယူဖို့ ချဉ်းကပ်နေတယ်လို့ ဂိုးလ်ဒေါ့ကွန်းက ဖော်ပြပါတယ်။ ရီးယဲလ်က အန်စလော့တီရောက်ရှိလာတဲ့နောက်ပိုင်း ဂါရတ်ဘေးလ်ကို ခေါ်ယူပြီး တိုက်စစ်အင်အားမြှင့်ဖို့ကြိုးပမ်းခဲ့တဲ့အတွက် ပုံမှန်ပွဲထွက်ခွင့် အာမခံချက်နည်းသွားတဲ့ အိုဇေးလ်ဟာ ရီးယဲလ်ကို စွန့်ခွာသွားခဲ့ပါတယ်။ အန်စလော့တီကတော့ သူဟာ ဂါရတ်ဘေးလ်ကို ခေါ်ယူခဲ့တာက အိုဇေးလ်ကိုအသင်းပြောင်းပါလို့ အချက်ပြလိုက်တာမဟုတ်ဘဲ တိုက်ပွဲဝင်စိတ်နည်းပါးပြီး သူ့ဘာသာသူအသင်းပြောင်းသွားခဲ့တာပါလို့ တုံ့ပြန်ခဲ့ပါတယ်။

အိုဇေးလ်က အာဆင်နယ်အတွက် ပြီးခဲ့တဲ့နှစ်နှစ်မှာအကောင်းဆုံး ခြေစွမ်းမပြသနိုင်ခဲ့ပေမယ့် ဒီနှစ်ဘောလုံးရာသီမှာတော့ကလပ်အသင်းရဲ့အကျပ်အတည်းအချိန်တွေမှာ သူ့ရဲ့ဂိုးဖန်တီးမှုတွေ၊ သွင်းဂိုးတွေနဲ့ တကယ့်ကို အကျိုးပြုနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ရီးယဲလ်က အိုဇေးလ်ကိုပြန်လည်ခေါ်ယူလိုတာဖြစ်ပါတယ်။ နည်းပြသစ်ဘင်နီတက်ဇ် ရောက်ရှိလာချိန်မှာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို တိုက်စစ်သမားစစ်စစ်အနေနဲ့သာ အသုံးပြုချင်တာကြောင့် ကွင်းလယ်ဖန်တီးရှင်နေရာမှာ ကစားနိုင်မယ့်အိုဇေးလ်ကို ခေါ်ယူပြီး ရီးယဲလ်ရဲ့ ကစားသမားအခင်းအကျင်းကို ပြောင်းလဲဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။

အာဆင်နယ်နည်းပြ ဝင်းဂါးကတော့ သူဟာ ၂၀၁၀ ကတည်းက အိုဇေးလ်ကို ခေါ်ယူဖို့ကြိုးပမ်းခဲ့ပေမယ့် ကစားသမားက ရီးယဲလ်ကိုသာ ရွေးချယ်ကြောင်း သူ့ကို ဖုန်းဆက်အကြောင်းကြားခဲ့တာကြောင့် အဲဒီတုန်းက လက်လွှတ်ခဲ့ရတာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ရီးယဲလ်နဲ့ အဆင်မပြေဖြစ်လာပြီးချိန်မှာတော့ သူ့ကို ကလပ်အသင်းအတော်များများက ခေါ်ယူဖို့ကြိုးပမ်းနေတဲ့ကြားထဲကပဲ အာဆင်နယ်ကို အံ့အားသင့်ဖွယ်ရွေးချယ်ခဲ့ပါတယ်။ ရီးယဲလ်ဖက်ကတော့ အိုဇေးလ်သာလက်ခံရင် အပြောင်းအရွှေ့ကို ဒီဇန်နဝါရီစျေးကွက်မှာပဲ အပြီးသတ်ပြုလုပ်သွားဖို့ ဆန္ဒရှိနေပါတယ်။ ဒီဂျာမနီလက်ရွေးစင်ကစားသမားကို ရီးယဲလ်အပြင် ဂျူဗင်တပ်၊ ဂါလာတာစာရေးတို့ကလည်း အလိုရှိနေတယ်လို့ဆိုပါတယ်။ ဒါကြောင့် အိုဇေးလ်အနေနဲ့ ရီးယဲလ်ကိုပြန်သွားမှာလား၊ မသွားဘူးလားဆိုတာ တံခါးပါးပါးလေး တစ်ချပ်ပဲခြားထားတဲ့အနေအထားလို့ပဲ. . . ။

ကော်စတာ ချယ်လ်ဆီးတွင်ဆက်ရှိမည်ဟု မော်ရင်ဟို ယုံကြည်

ချယ်လ်ဆီးတိုက်စစ်မျူး ဒီယေဂိုကော်စတာအနေဖြင့် ကလပ်ဟောင်းအက်သလက်တီကိုအသင်းသို့ ပြန်လည်ရွှေ့ပြောင်းရန် ချိတ်ဆက်မှုများ ပိုမိုအရှိန်မြှင့်လုပ်ဆောင်နေသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း မော်ရင်ဟိုကမူ သူ၏တိုက်စစ်မျူးမှာ အနည်းဆုံး နောက်သုံးနှစ်ခန့်ချယ်လ်ဆီးတွင် ဆက်ရှိနေဦးမည်ဖြစ်ကြောင်း ယုံကြည်ထားသည်။ ကော်စတာသည် ယခုနောက်ပိုင်း ချယ်လ်ဆီးတွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေပြီး ဖိလစ်ပီလုဇ်ကဲ့သို့ သူ့အား ကလပ်အသင်းဟောင်း အက်သလက်သို့သာ ပြန်လည်ပြောင်းရွှေ့ခွင့်ပေးရန် ချယ်လ်ဆီးတာဝန်ရှိသူများအား တောင်းဆိုခဲ့ကြောင်း သိရသည်။ သို့သော် မော်ရင်ဟိုကမူ ကော်စတာ၏ သဘောထားကိုနားလည်သော်လည်း အနည်းဆုံးနောက်သုံးနှစ်ခန့် ချယ်လ်ဆီးတွင်သာ ဆက်ရှိရန် မျှော်လင့်ထားကြောင်း တုံ့ပြန်ခဲ့သည်။

မော်ရင်ဟိုက "ဒီယေဂို(ကော်စတာ) ဘာကြောင့် ဒီလိုစကားမျိုး ပြောတာလည်းဆိုတာ ခင်ဗျားတို့လည်း နားလည်မှာပါ။ သူ့အတွက် ဖိလစ်ပီလုဇ်၊ ဖာနန်ဒိုတောရက်ဇ်တို့က ဥပမာယူစရာ ဖြစ်နေမှာပါ။ ဒရော့ဘာက ၁၀ နှစ်ကြာ ချယ်လ်ဆီးမှာပဲ ရှိနေခဲ့ပေမယ့် ဒီယေဂိုကတော့ ဒီလောက်အကြာကြီးရှိမယ့်သူမဟုတ်ပါဘူး။ သေချာတာကတော့ နောက်သုံးနှစ်အထိတော့ သူဒီမှာရှိနေမှာပါ" ဟု ပြောသည်။

ကော်စတာသည် အက်သလက်တီကိုမှ ချယ်လ်ဆီးသို့ ၂၀၁၄ ဇူလိုင်လက ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ရောက်ရှိလာခဲ့ပြီး ယမန်နှစ်က ခြေစွမ်းပြသကာ ကလပ်အသင်းအား ပရီမီယာလီဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ သို့သော် လက်ရှိတွင် ချယ်လ်ဆီးမှာ ရှုံးပွဲဆက်နေသလို ကော်စတာမှာလည်း ခြေစွမ်းကျဆင်းနေသောကြောင့် ဖိလစ်ပီလုဇ်၏ လမ်းစဉ်အတိုင်း ကလပ်အသင်းဟောင်းသို့သာ ပြန်လည်အခြေချရန် စိတ်အားထက်သန်နေခြင်းဖြစ်သည်။

မေလဲ့သင်း - ရေးသားသည်

ပြိုင်ဘက်ကိုလေးစားပါ ပီကေး

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ရာမို့စ်က ပီကေးအနေဖြင့် ရီးယဲလ် ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှ ထုတ်ပယ်ခဲ့ရသည့် အရေးကိစ္စနှင့်ပတ်သက်၍ စကားလုံးများဖြင့် ထိုးနှက်ခဲ့ခြင်းကို ရပ်တန့်သင့်ကြောင်း သတိပေးစကားဆိုခဲ့သည်။ ရာမို့စ်က ပီကေးမှာ ပြိုင်ဘက်ကို လေးစားမှုရှိကြောင်း ပြသရန်လိုအပ်သည်ဟုလည်း အကြံပြုခဲ့သည်။ ပီကေးသည် ယခုရက်သတ္တပတ်မှာပင် ရီးယဲလ်နောက်ခံလူ အာဘီလိုအာနှင့်ပတ်သက်၍ မသင့်လျော်သည့် မှတ်ချက်စကားလုံးများကို ဆိုခဲ့သေးရာ စပိန်နည်းပြ ဒယ်လ်ဘော့စကေးကပင် ပီကေးမှာ ရာအူးလ်၊ ပူယိုးလ်နှင့် ကားဆီးလက်စ်တို့၏ ဆက်ဆံရေးကို နမူနာထားသင့်သည်ဟု ပြောကြားရသည်အထိ ဖြစ်လာခဲ့သည်။

ပီကေးက သူ၏ တွစ်တာစာမျက်နှာပေါ်က တစ်ဆင့် ရီးယဲလ်အသင်း ကိုပါဒယ်ရေးဖလားမှ ထုတ်ပယ်ခံရခြင်းနှင့်ပတ်သက်၍ လျှောင်ပြောင်မှုပြုခဲ့ရာ အာဘီလိုအာက ပီကေးမှာ ရီးယဲလ်အသင်းနှင့်ပတ်သက်၍ စွဲလမ်းမှုအတော်ကြီးပုံပေါ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ ရီးယဲလ်မှာ ပွဲပယ်ပြစ်ဒဏ်ကျခံနေရသည့် ချီရစ်ရှက်ဗ်အား ကာဒက်ဇ်နှင့် ကစားခဲ့သည့် ကိုပါဒယ်ရေးဖလားပွဲတွင် ထည့်သွင်းကစားစေမိ၍ ယခုကဲ့သို့ ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ပီကေးက "ကျွန်တော့်ကို အာဘီလိုအာက သူငယ်ချင်းလို့ တွစ်တာကနေပြီးတော့ခေါ်တာကြားမိပါတယ်။ ဒါပေမယ့် ကျွန်တော်က သူ့ကို ဘယ်တုန်းကမှ မိတ်ဆွေတစ်ယောက်အနေနဲ့ မစဉ်းစားကြည့်မိဘူး"ဟုပြောသည်။

ဒယ်ဘော့စကေးကမူ ရာမို့စ်နှင့် ပီကေးကြားရှိနေသည့် ပြိုင်ဘက်အသွင် ရှုမြင်ရန်စောင်နေမှုကို အမြန်ဆုံးရပ်တန့်သင့်ကြောင်း၊ စပိန်ကစားသမားများမှာ နိုင်ငံလက်ရွေးစင်အသင်းအတွက် ပေးဆပ်ရန်ကိုသာ အမြဲတမ်းစဉ်းစားထားသင့်ကြောင်း ဝင်ပြောကြားခဲ့သည်။ **(မေလဲ့သင်း)**

ခရီးသည်တင်ယာဉ် ချောက်ထဲထိုးကျတိမ်းမှောက်၊ ခုနစ်ဦးသေဆုံး လေးဦးဒဏ်ရာရ

ဂန့်ဂေါ ဒီဇင်ဘာ ၁၄

ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် မုံရွာ-ဂန့်ဂေါ ကားလမ်းတွင် ဒီဇင်ဘာ ၁၃ ရက်က ခရီးသည်တင်ယာဉ်တစ်စီး ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည် ခုနစ်ဦး သေဆုံးခဲ့ပြီး လေးဦး(စိုးရိမ်ရ) ဒဏ်ရာများရရှိ ခဲ့ကြောင်း ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့မှ မန္တလေးမြို့ ဘက်သို့ ယာဉ်မောင်း ပြောင်ကြီး(လိပ်စာ စုံစမ်းဆဲ)မောင်းနှင်လာသော FUSO ခြောက်ဘီးခရီးသည်တင်ယာဉ်သည် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က မုံရွာ-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် (၇၅/၅-၆)အကြား ကွေ့ဆင်းအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ ပေ၅၀ ခန့်နက်သော ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ဦးမင်းသိန်း၊ ဦးဇေယျာထွန်း၊ ဦးဆန်းအောင်မြင့်၊ ဦးမဲ့ကြီး၊ ဒေါ်အေးမြတ်မွန်၊ အမျိုးသမီးတစ်ဦးနှင့် ဦးပြောင်ကြီး (ယာဉ်မောင်း) စုစုပေါင်းခုနစ်ဦးသေဆုံး၍ စစ်ကိုင်းတိုင်းဒေသကြီးနေ ဦးဇင်မင်း၊ ဧရာဝတီတိုင်းဒေသကြီးနေ ဦးစိန်လင်း၊ ကလေးမြို့ ကင်ပွန်းခြံကျေးရွာ ခမရ(၁၁၆)နေ တပ်သားကျော်ရဲအောင်တို့ သုံးဦးတွင်(စိုးရိမ်ရ) ဒဏ်ရာနှင့် အသက်(၁)နှစ်ခွဲခန့်ရှိ ကလေးငယ်တစ်ဦးတွင်(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

(ကျော်ဇေယျ)

ဝူထုံနှင့် လှကျော်(ခ)သူရကျော်တို့နှစ်ဦးကို သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

ဟိုပန်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၄

မူးယစ်တပ်ဖွဲ့စု (၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက်က ဟိုပန်မြို့ မိန်းပန်းလွယ်ရပ်ကွက် ဗြုန်းတောင်အနီး၌ ဝူထုံအားရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၀၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ ဟိုပန်မြို့ ပန်လုံရပ်ကွက်နေ လှကျော်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၁၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

အမြင့်ပေ ၁၅၀ မှ ကျောက်တုံးများပြိုကျ၍ သေဆုံး/ဒဏ်ရာရ

မန္တလေး ဒီဇင်ဘာ ၁၄

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအရှေ့ဘက် ဂျပန်လျှိုကျောက်စခန်းမှ ကျောက်တုံးပို၍ သေဆုံး/ဒဏ်ရာရရှိသူ တစ်ဦး မန္တလေးဆေးရုံကြီးသို့ရောက်ရှိကြောင်း သတင်းအရ ဒီဇင်ဘာ ၁၂ရက် မွန်းလွဲ ၂ နာရီက အုန်းချောနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ဆန်းနိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ဂျပန်လျှိုရှိ အမြင့်ပေ ၁၅၀ ခန့်ရှိ ထုံးဘိုကျေးရွာ အမှတ်(၈) ရပ်ကွက်နေ ကိုသိန်းနိုင်၏ ကျောက်ထုတ်စခန်းတွင် ထုံးဘိုကျေးရွာအမှတ်(၈)ရပ်ကွက်နေ မောင်နိုင်(ကျောက်ထုတ်လုပ်သား)နှင့် ကြူဝန်းကျေးရွာနေ မဇင်မာထွေးတို့ အလုပ်လုပ်နေစဉ် ကျောက်တုံးများပြိုကျပိမိသဖြင့် မောင်နိုင်၏ ဝဲယာ ခြေထောက်ကျိုးဒဏ်ရာ၊ မဇင်မာထွေး၏ဝဲခြေထောက်ပွန်းပဲ့ဒဏ်ရာများ ရရှိပြီး မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသစဉ် မောင်နိုင်မှာရရှိသောဒဏ်ရာဖြင့် သေဆုံးသွားသဖြင့် အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

■

သမီးရည်းစားစုံတွဲထံမှ ဖုန်းနှင့်အခြားပစ္စည်းများ ခြိမ်းခြောက်လုယက်သွားသူများအား ဖမ်းဆီးရမိ

တောင်ငူ ဒီဇင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အနောက်ဘက် နှစ်မိုင်ခန့်အကွာ ကောင်းမှုတော်ဘုရားနှင့် ထီးလှိုင်ကွန်ကရစ်သွားလမ်းဘေး ဇီးပင်အောက်တွင် စကားပြောနေသော စုံတွဲထံမှ ဖုန်းနှင့်အခြားပစ္စည်းများလုယက်သွားမှုမှ ပြစ်မှုကျူးလွန်သူများကို ဒီဇင်ဘာ ၁၃ ရက် ည ၈ နာရီခွဲခန့်က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၉ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က တောင်ငူမြို့ ငါးဖယ်အင်းကျေးရွာနေ မောင်----(၂၁)နှစ်သည် ၎င်း၏ရည်းစားဖြစ်သူ တောင်ငူမြို့ ပဲချက်ကုန်းကျေးရွာနေ မ-----(၂၀)နှစ်နှင့်အတူ ဇီးပင်အောက်၌ထိုင်ကာ စကားပြောနေစဉ် ကောင်းမှုတော်ရွာ သစ်ဘက်မှ အသက်(၂၀)ဝန်းကျင်ခန့်ရှိ လူငယ်သုံးဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ၎င်းတို့ထံမှ OPPO အဖြူရောင်ဟန်းဆက်တစ်လုံး၊ မိန်းကလေး၏ မှတ်ပုံတင်နှင့် ငွေကျပ်လေးသောင်းငါးထောင်ထည့်ထားသည့် ပိုက်ဆံအိတ်တစ်လုံး၊ ဟန်းဆက်တစ်လုံး စုစုပေါင်းငွေကျပ် ၈၉၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများလုယက်ခံလိုက်ရကြောင်း သိရှိရ၍ တောင်ငူအမှတ်(၂) နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းထိုက်ထွေးဦးစီးအဖွဲ့က နယ်မြေထိစပ်လျက်ရှိသော ရဲစခန်းများနှင့် ပူးပေါင်းစုံစမ်းခဲ့သည်။

ထိုသို့စုံစမ်းစဉ် တောင်ငူမြို့ ရွှေတောင်ဦးလမ်းနေ မိုးဦး၊ တောင်ငူမြို့ ငွေလှံရပ်(၁၈)ရပ်ကွက်နေ စည်သူ(ခ) ထွန်းဝင်းဇော် (ခ)သီလဝ၊ တောင်ငူမြို့ (၉)ရပ်ကွက် အုတ်ကျွတ်တန်းနေ လွမ်းဝေတို့သုံးဦးအား ဖမ်းဆီးရမိကာ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး အမြန်လမ်းတစ်လျှောက်နှင့် ဝန်းကျင်များတွင် သမီးရည်းစားစုံတွဲများထံမှ မကြာခဏပစ္စည်းများလုယက်ခံရသည့်အမှုများနှင့်ပတ်သက်၍ တောင်ငူအမှတ်(၂) နယ်မြေရဲစခန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

OO

မြေကျင်းတူးစဉ် ပုံးသီးဟောင်းတစ်လုံးတွေ့ရှိ

မန္တလေး ဒီဇင်ဘာ ၁၄

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် (၆၉)လမ်း၊ ဒေလီယာလမ်းနှင့် ဇလပ်ဝါလမ်းကြားနေ ဦးမောင်မောင်သန်း၏နေအိမ်မြေကွက်အတွင်း ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက အာစီနှစ်ထပ်ဆောက်လုပ်ရန် မြေကျင်းတူးစဉ် ပုံးသီးဟောင်းတစ်လုံးတွေ့ရှိကြောင်း သတင်းအရ အမှတ်(၁၁)နယ်မြေရဲစခန်းမှ ရဲအုပ်ဝင်းဗိုလ်နှင့်အဖွဲ့၊ စစ်နယ်မြေမှူးရုံးမှ ဗိုလ်ကြီးအောင်ဆန်းဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ အလျား ၁၂ လက်မ၊ လုံးပတ် ၁၀ လက်မရှိ ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိခဲ့သဖြင့် နယ်မြေခံ စစ်နယ်မြေမှူးရုံးသို့ အပ်နှံခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

GOLDEN STAR ခရီးသွားလုပ်ငန်း
ရာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

ဖုန်း 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လစဉ်ပေါ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ယာဉ်မောင်းအလိုရှိသည်
ရန်ကုန်မြို့တွင်း မောင်းရမည်။
လိုင်စင် (၅)နှစ်အထက်
လစာ-၂၀၀၀၀၀-၂၅၀၀၀၀
ဖုန်း-၀၉-၉၇၁၈၉၉၉၁၅

တစ်ဦးတည်းဖြစ်ပါကြောင်း
ရမည်သင်းမြို့၊ ၀ါတိုးရပ်ကွက်ကြီး၊ သီလဝ(၃)နေ ဦးဖိုးကိန်း၏သား ဦးစိုင်းအောင်လွင် [၁၃/လလန(နိုင်)၀၀၉၃၈၈]နှင့် ဦးအောင်လွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကျော်
ငွေးကောက်ပွဲကော်မရှင်ဦးစီး(အနိုးတစ်သင်တန်း)
LO4, ကျန်းတရေးကြီးတြိုင်ရေးမှူး(၂)၊ ဒုရဲအုပ်ကုထုးမှူးပင်ဦး
တန်းခွဲသစ်များဖွင့်ပြီ။
Ph:09421042332,09420005131

ပျောက်ဆုံးကြောင်း
ကျွန်မ ဒေါ်ရွှေဝေ [၁၀/မလမ(နိုင်)၀၂၆၄၁]၏ PP No. 934112၏ သက်တမ်းတိုး ပတ်(စ်)ပို့နံပါတ်မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၈၀၀၈၅၅

တစ်ဦးတည်းဖြစ်ပါကြောင်း
ရမည်သင်းမြို့နယ်၊ အင်တောကြီးအုပ်စု၊ အင်တောလေးရွာနေ ဦးစိန်လွင်၏သား မောင်စိန်လင်းအောင်နှင့် မောင်စံလင်းအောင် [၉/ရမသ (နိုင်)၂၀၂၀၄၇]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ရောင်းမည်
စတိုးဆိုင်ဖွင့်လိုသူများ စတိုးဆိုင်သုံးပစ္စည်းများဖြစ်သည့် ကွန်ပျူတာ(Laptop)၊ မီးစက်၊ Program၊ Slip printer၊ ကောင်တာခုံ၊ မီးခံသေတ္တာ၊ ရေခဲသေတ္တာ၊ စင်၊ Freezer၊ Barcode Printer၊ FL12 လိုင်စင်၊ Barcode Scanner၊ CCTV နှင့် အခြားပစ္စည်းများ ဆိုင်တစ်ဆိုင်စာအဆင်သင့်ဖွင့်နိုင်ရန် ရောင်းရန်ရှိပါသဖြင့် စျေးသက်သက်သာသာနှင့် တစ်နေရာတည်း ဝယ်ယူလိုပါက ဆက်သွယ်နိုင်ပါသည်။
စုံစမ်းရန်ဖုန်း-၀၉-၄၅၀၈၄၆၅၆၄၊ ၀၉-၇၈၅၃၆၇၃၂၂

အများသိစေရန်ကြေညာခြင်း
ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စောကြည်[၁၄/ဖပန(နိုင်)၂၀၇၄၅၆]၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်စောကြည် ပခုက္ကူမြို့နေ ကွယ်လွန်သူ ဦးအုံးဖေ၏ အမည်ပေါက် ကျန်ခဲ့သော အမွေပုံပစ္စည်းများကို အမွေပုံစီမံခန့်ခွဲပေးစေရန် မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမကြီးမှုအမှတ်-၁/၂၀၁၄ဖြင့် တရားပြိုင်များဖြစ်ကြသော ဒေါ်ညွှန့်၊ ဒေါ်ဝက်(ခ)ဒေါ်ခင်ဝက်၊ ဒေါ်စံ၊ ဒေါ်ကောင်း(ခ)ဒေါ်ကောင်းတင်၊ ဦးမြင့်ဌေးတို့အား တရားစွဲဆိုခဲ့ပါသည်။
ထိုအမှုမှာ ၂၅-၁၁-၂၀၁၅ ရက်က မူလရုံးဖြစ်သော မကွေးတိုင်းဒေသကြီး တရားလွှတ်တော်က အမိန့်ချမှတ်ထားသည်ကို ပြည်ထောင်စုတရားလွှတ်တော် ချုပ်သို့ အယူခံဝင်ရမည် ဖြစ်ပါသည်။ ထိုအမှုမှာ ပြီးပြတ်ခြင်းမရှိသေးပါ။ ဦးအုံးဖေ အမည်ပေါက် အမွေပုံပစ္စည်းများကို အမှုပြီးပြတ်ခြင်းမရှိသေးမီကာလအတွင်း လွှဲပြောင်းရောင်းချခွင့်မရှိကြောင်း သက်ဆိုင်သူများသို့ သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကြည်ဝင်း(လပွတ္တာ)	ဒေါ်ခင်မေဖြူး
B.A(Law),(LL.B)	LL.B
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၅၀၆)	(စဉ်-၉၈၁၄)

အမှတ်-၁၀/၁၁၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

လိုနေသူကို ဖေးမကူမှီ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA) Tutor မေရှာစုံ ဝင်ခွင့် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၊ ၄ ၊ ၅ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လအထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထု၊ဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်္ကေတများ နှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်ရ် တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Dec 19 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
အင်္ဂလိပ် ဝါကျတည်ဆောက်ပုံ၊ စာပိုဒ်ဖွဲ့စည်းနည်းနှင့် ချိတ်ဆက်ရေးသား အသုံးအနှုန်းများကို စနစ်တကျ သေသေချာချာ တတ်မြောက်ပြီး
ပြန်မာလို အတွေ့အကို အင်္ဂလိပ်လို တိကျမှန်ကန်စွာ ရေးတတ်စေဖို့ WRITING သီးသန့် ၄ ၊ ၅ အထူး လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ တစ်ဦးချင်းကို စနစ်တကျ ပြောဆိုလေ့ကျင့်ပေး၍ အမြန်ဆုံး တက်မြောက်စေလျှက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၊ ၄ ၊ ၅ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၊ ၄ ၊ ၅ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊
အင်းဝ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

ကြေးမုံစာအုပ်စင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန် အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

နှစ်ကျိပ်ရှစ်ဆူ ဘုရားနှင့် ခုနစ်ရက်သားသမီးများ

အရှင်မာနိတ(ရွှေပြည်သာ)မြောစရိယ၊ ဝိနယဝိဒူရေးသားသည့် နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ခုနစ်ရက်သား သမီးများ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတွဲ့တော်များ၊ မိမိတို့မွေးနေ့အလိုက် ဘုရားလေးဆူ ရှိခိုးဂါထာပါဠိ၊ အနက်၊ ဆုတောင်းဂါထာများ ဖော်ပြထားသည်။ နေ့အလိုက် ဘုရားလေးဆူရှိခိုးဂါထာပါဠိ၊ အနက်များကို ကျက်မှတ်ပါက ယခုလည်းကောင်း၊ နောင်လည်းကောင်းမည်ဖြစ်သည်။ အလုပ်အကိုင်များအဆင်ပြေကာ စီးပွားဥစ္စာတိုးတက်လာမည်ဖြစ်သည်။ ဘေး၊ ဥပဒ်၊ အန္တရာယ် ရန်စွယ်ဟူသမျှ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကိုယ်ဝယ်မရောက်၊ အဝေးကပင် ကင်းစင်လွင့်ပျောက်ပြီး ကောင်းကျိုးချမ်းသာ အဖြာဖြာရောက်ရှိလာမည်ဖြစ်သည်။

စာအုပ်ကို ပြည်တော်သာစာပေ ဖုန်း-၀၉ ၄၅၀၀၁၆၃စ၈၊ ၀၉ ၇၉၆၇၅၉၂၅၃၃၊ ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ်–မြန်မာ အိတ်ဆောင်အဘိဓာန်

ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာ အိတ်ဆောင်အဘိဓာန်စာအုပ် ထွက်ရှိလာသည်။ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများနှင့် ရုံးသူရုံးသားများအတွက် အသုံးအတွင်ကျယ်ဆုံးနှင့် လူသုံးများသော ဝေါဟာရ ၆၀၀၀ ကျော် ပါဝင်သည်။ Phonctic အသံထွက်အတိုင်း အနီးစပ်ဆုံးအသံထွက် ပါဝင်သည်။ ဤစာအုပ်ကို လက်ကိုင်ထားခြင်းဖြင့် ကျောင်းသား ကျောင်းသူများနှင့် အင်္ဂလိပ်စာလေ့လာသူများ၏ လိုအပ်ချက်၊ အားနည်းချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မည့် အိတ်ဆောင် အဘိဓာန်စာအုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(၀) (၃၉) လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၉၂၈၃၅၅ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။



ရှေးမြန်မာမင်းများခေါင်းဆောင်မှုအရည်အသွေးကိုလေ့လာခြင်း

ကျော်ကျော်လှိုင် ရေးသားပြုစုသည့် ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း (ပထမမြန်မာနိုင်ငံတော်) စာအုပ်တွင် အနော်ရထာမင်းကြီးလက်ထက် မြန်မာနိုင်ငံတော် စတင်တည်ထားခဲ့သည့် ပုဂံခေတ်သမိုင်းဆိုင်ရာအချက်အလက်များနှင့် မင်းအဆက်ဆက်တို့၏ ခေါင်းဆောင်မှုအရည်အသွေးကိုဇောင်း ပေးရေးသားထားပါသည်။ ဥပမာအနေဖြင့်ဆိုလျှင် အနော်ရထာမင်းကြီး၏ ခေါင်းဆောင်မှုအရည်အသွေး အားကောင်းမှုကြောင့် သူရဲကောင်းလေးယောက်ဖြစ်သော ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့နှင့် ပုဂံခေတ်အင်ပါယာကြီးကို တည်ထောင်နိုင်ခဲ့သည်။ သားတော်စောလူမင်းလက်ထက်တွင် မိမိ၏ ငယ်ကျွန်ဖြစ်သော ငရမန်ကန်းနှင့် လောင်းကစားလုပ်ရင်းရှုံးနိမ့်ရာမှ အချင်းများပြီး ပုန်ကန်မှုကြောင့် အသက်ပါဆုံးရှုံးခဲ့ရသည်ကိုကြည့်လျှင် မိမိထက်ဂုဏ်အားဖြင့်ငယ်သူ၊ အသက်အားဖြင့်ငယ်သူ၊ ရာထူးအားဖြင့်ငယ်သူနှင့် လောင်းကစားလုပ်ခြင်းသည် နိုင်လျှင်လည်းရှုံး၍ ရှုံးလျှင်လည်း ရှုံးရမည်သာဖြစ်သည်။ ခေါင်းဆောင်မှုအရည်အသွေး အားနည်းသည်မူကြောင့်ဖြစ်သည်။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေထားသည်။

အဆိုပါစာအုပ်ကို SMART စာပေ ဖုန်း-၀၉ ၇၃၀၅၇၆၅၃ က တန်ဖိုး ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။



စိတ်ဝိညာဉ်ဆိုင်ရာလေ့လာတွေ့ရှိရချက်များ

ဦးအေးမောင်၏ စိတ်ဝိညာဉ်ဆိုင်ရာလေ့လာတွေ့ရှိရချက်များ စာအုပ် တတိယအကြိမ်ထွက်ရှိလာသည်။ စာပေကျမ်းဂန်နှံ့စပ်ပြီး ဗဟုသုတကြီးသော ပုဂ္ဂိုလ်များကို ကျွန်တော်အလွန်လေးစားတတ်ပါသည်။

ကိုယ်ပိုင်ဉာဏ်ကိုဝံ့ဝံ့စားစားစူးစူးရှရှ သုံးတတ်သောပုဂ္ဂိုလ်များကို ရိုသေတတ်ပါသည်။ ထိုနှစ်ပါးစုံသော ပုဂ္ဂိုလ်တို့ကိုမူကား ကြည်ညြိုအားကျခြင်းဖြစ်မိတတ်ပါသည်။ ဆရာကြီးဦးအေးမောင်မှာ ကျွန်တော်အားကျ ကြည်ညြိမိသော ပုဂ္ဂိုလ်ဖြစ်ပါသည်ဟု ဆရာအောင်သင်းက ညွှန်းဆိုထားပြီး ဦးအေးမောင်ရေးသားခဲ့သော စာအုပ်များအနက်မှ ရိုးသွားဟောင်းသွားခြင်းမရှိသော စိတ်ဝိညာဉ်ဆိုင်ရာ အကြောင်းအရာများကို ဖော်ပြထားသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

ထိုစာအုပ်ကို ရန်အောင်စာပေ ဖုန်း-၀၉ ၅၁၇၉၃၉၉၈၊ ၀၉ ၇၃၂၂၃၄၅၁ က တန်ဖိုး ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားပါသည်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာရှိ တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၃၀၆)၊ ၃-လွှာမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိသွယ်[၇/ပမန(နိုင်)၁၄၁၆၅၅] အမည်ပေါက် ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်၍ တစ်ဆင့်ပြန်လည်ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်အိအိသွယ်၏ညွှန်ကြားချက်အရ-
ဦးထိန်လင်း(B.Sc, H.G.P, R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၈၀/၈၅)
အမှတ်(၅၅)၊ အခန်း(၁၈)၊ မဟာပန္ထလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

HYUNDAI COUNTY CAR (၂၅)ယောက်စီး ငှားလိုပါသည်
Ferry ကြို/ပို့သုံးရန် အတွက် ယာဉ်မောင်းပါ အပြီး အစီး ငှားလိုပါသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
Ph:09-5038666

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်အုတ်စက်ရုံ၏ အုတ်စိမ်းစက်ပိုင်းဆိုင်ရာ၊ မီးသင်းဖိုပိုင်းဆိုင်ရာ၊ ကျောက်မီးသွေးပိုင်းဆိုင်ရာနှင့် အုတ်ထုတ်လုပ်မှုအတွက် လိုအပ်သောစက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အုတ်စိမ်းစက်ပိုင်းဆိုင်ရာ
- (၁) Knife Crusher (မြေခွဲစက်)(၁)လုံး
- (၂) လက်ရှိအုတ်ညှစ်စက်၏ Mixing Blade Housing (၂၂)စုံ၊ Barrel Liner (I,II,III,IV)(၁)စုံ၊ Taper Liner (၁)စုံ
- (၃) လက်ရှိအလိုအလျောက် အုတ်ကောက်စက်၏ Loading Table Chain, Chain Flat (၂၁)ခု၊ Roller Chain (၄)စုံ
- (၄) လက်ရှိအုတ်ညှစ်စက် Gear Box ပိုင်း Gear(၁၀)လုံး၊ Pinion (၄)လုံး
- (၅) လက်ရှိအုတ်စိမ်းစက်ပိုင်းဆိုင်ရာ Conveyor Line (၁၃)လိုင်း၏ မူလပုံစံအား ပုံစံသစ်ဖြင့် အစားထိုးပြုပြင်ခြင်း
- (၆) မြေနယ်စက်နှင့် မြေရောမွှေစက်၏ Right Augur (4)Nos, Left Augur(4)Nos.

(ခ) မီးသင်းဖိုနှင့်ကျောက်မီးသွေးပိုင်း Burner Point (4)Points တပ်ဆင်ခြင်းနှင့် Burner Point (20) Points အတွင်းသို့ လေးငေးစနစ်အား Auto စနစ်ရရှိရေး ဆောင်ရွက်ခြင်း။
- (ဂ) လက်ရှိကျောက်မီးသွေး ကြိတ်စက်၏ Roller(4)Nos, Ring (1) No.
- (ဃ) အုတ်တင်တွဲများ ရွှေ့ပြောင်းရန် (Transfer Car) (၂)စီး။
- (င) အုတ်ကျက်တွဲပေါ်ရှိ ဖုန်မှုနှိမ်များအားသန့်စင်ရန် Steel Structure, Blower နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း။
- (စ) ကျောက်မီးသွေးကျွေးစက် Coal Box Feeder ရွှေ့ပြောင်းတပ်ဆင်ခြင်းနှင့် ကျောက်မီးသွေးကျွေးသည့် Screw Conveyor လိုင်း ထပ်မံတပ်ဆင်ခြင်း။

၂။ (က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၁၄-၁၂-၂၀၁၅ ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၂၄-၁၂-၂၀၁၅ ရက်
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား နုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၁၄၂၆၊ ၀၉-၃၁၀၂၀၂၀၆
ပစ္စည်း၀ယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မော်လမြိုင်တက္ကသိုလ်
(၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာ တင်သွင်းရန်ကြေညာချက်

မော်လမြိုင်တက္ကသိုလ်မှ အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ သင်တန်းနှစ်အသီးသီးအတွက် (ဘွဲ့)စာမေးပွဲများကို ဖြေဆိုအောင်မြင်သူများသည် မော်လမြိုင်တက္ကသိုလ်(၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေး ရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။ ဘွဲ့နှင်းသဘင်ကို ၁၃-၂-၂၀၁၆ရက်နှင့် ၁၄-၂-၂၀၁၆ရက်များတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပြီး ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၁၄-၁၂-၂၀၁၅ရက်မှစ၍ မော်လမြိုင်တက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ရယူလျက် တင်သွင်းလျှောက်ထားနိုင်ကြပါသည်။ လျှောက်လွှာပိတ်ရက်မှာ ၇-၁-၂၀၁۶ ရက်ဖြစ်ပါသည်။

၁။ ၂၀၁၃-၂၀၁၄ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)
(၂၀၁၀အောင်) စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ။

၂။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလတွင်ကျင်းပခဲ့သော ဥပဒေ(ဘွဲ့)
(၂၀၁၀အောင်) စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)

၃။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)
(၂၀၁၀အောင်) စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ။

၄။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ၂၀၁၅ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)နှင့်
မဟာဥပဒေ(ဘွဲ့)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ။

၅။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် မဟာသုတေသန(ဘွဲ့)အောင်မြင်ပြီးသူများ။

၆။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(အဏ္ဏဝါသိပ္ပံ)အောင်မြင်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ကြေး-ကျပ်(၁၅၀၀၀/-) (ကျပ်တစ်ထောင့်ငါးရာတိတိ/-)
ဘွဲ့နှင်းသဘင်အဝေးရောက်ကြေး-ကျပ်(၁၀၀၀/-) (ကျပ်တစ်ထောင်တိတိ/-)

မှတ်ချက်။ (က) လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လ အတွင်းနောက်ဆုံးရိုက်ကူးထားသော (2 x 1 ½)လက်မအရွယ် ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားကြရမည်။
(ခ) အခြားသော ပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
(ဂ) ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းသူများသည် ဘွဲ့ကြေးများကို မိမိတို့ကိုယ်တိုင် မော်လမြိုင်တက္ကသိုလ်၊ ငွေလက်ခံဌာနသို့ တိုက်ရိုက်ပေးသွင်းနိုင်ပါသည်။
(ဃ) မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာ၊ ဘူမိဗေဒနှင့် အဏ္ဏဝါသိပ္ပံဘာသာရပ်များဖြင့် ဘွဲ့စာမေးပွဲဖြေဆိုအောင်မြင်ခဲ့သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့)(ဧည့်)နိုင်ငံသားလက်မှတ်(သို့) နိုင်ငံသား(ပြု)လက်မှတ်မူရင်း တင်ပြ၍ လျှောက်လွှာတွင် မိတ္တူပူးတွဲတင်ပြရမည်။
(င) ရပ်ဝေးမှ လျှောက်လွှာတင်သွင်းသူများသည် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့်သာ ပေးပို့မည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း" ဟုဖော်ပြရမည့်အပြင် လျှောက်ထားသူ၏ အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်၊ စာမေးပွဲအောင်မြင်သည့်နှစ်/တက္ကသိုလ် စသည်များကို တိကျစွာဖော်ပြရမည်။
(စ) အသေးစိတ်အချက်အလက်များကို မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနစိတ်(ဖုန်း-057-24637, 057-27153)တွင် စုံစမ်းနိုင်ပါသည်။
(ဆ) ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်အစီအစဉ်ကို ထပ်မံကြေညာပါမည်။

(သန်းသန်းအေး)
ဌာနမှူး(သင်တန်းရေးရာ)
မော်လမြိုင်တက္ကသိုလ်

နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
၂၀၁၅-၂၀၁۶ခု ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အဓိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အဓိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္ဓီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ)၊ စုစုပေါင်း (၂၂)ကျောင်းတွင် ၂၀၁၅-၂၀၁۶ခု ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်းမာသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။
- (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။
- (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။
- (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။
- (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။
- (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာ စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အဓိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အဓိုးရနည်းပညာကောလိပ်၊ အဓိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့ လျှောက်ထားလိုသည့် အဓိုးရနည်းပညာကောလိပ်၊ အဓိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁၀-၁၂-၂၀၁၅ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၉-၁၂-၂၀၁၅ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့်ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။
(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)။
(ဃ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အဓိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အဓိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္ဓီ၊ သံတွဲ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

၁၀။ အသစ်ဖွင့်လှစ်မည့် အဓိုးရစက်မှုလက်မှုသိပ္ပံ(ရန်ကုန်)အား မြေတိုင်းရပ်ကွက်(၄၂)၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်တွင်လည်းကောင်း၊ အဓိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)အား (၂၈လမ်း×၇၀လမ်း)ထောင့်၊ ချမ်းအေးသာဇံမြို့နယ်တွင်လည်းကောင်း၊ အဓိုးရစက်မှုလက်မှုသိပ္ပံ (လပွတ္တာ)အား လပွတ္တာမြို့သစ်၊ လပွတ္တာမြို့တွင်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
December - 19 (Saturday) စမည်။
LCCI
☑ အရွယ်(၂၀)အတွေ့အကြုံကြောင့်
☑ သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

ဟိုတယ် ရောင်းမည်
Hotel Rich Queen
ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။
အရှုပ်အရှင်းကင်း၊ တစ်ဦးတည်းအမည်ပေါက်၊ အဆင်သင့်အသုံးပြုနိုင်သည်။ ကာလပေါက်ဈေးဖြင့်ရောင်းမည်။
အမှတ်(၄၅)၊ ၅၉လမ်း၊ ၂၆×၂၇လမ်းကြား၊ ကန်ကောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၉-၂၀၁၉စဧ၇၊ ၀၉-၂၅၆၀၁၀၇စ၉

LCCI - EDI (UK) ပုဂ္ဂိုလ်ပြင်ပသာထူးချွန်သင်တန်းကျောင်းသုရ
ဦးဟွားပန်းဆင်း
ပညာရေးဝန် ထောင်မှူးလုပ်ငန်း
LCCI Level 1-2-3
တရင်းကိုင်သင်တန်း
2016-June Series တန်းခွဲသစ်များ(12.12.2015) စမည်။
(60,000/Ks) (၃) ကြိမ်ခွဲသွင်းနိုင်သည်။ (20.12.2015) အတွင်းဝင်ခွဲသူများ 10% Discount ရမည်။
ပြီးဆုံး (၃၀၃)(၄၅၅)၊ ၄၂ -လမ်းထိပ်မဟာဝဇ္ဇိုလမ်း၊ ဒိုလ်တစ်ထောင်ပြိုနယ်၊ ရန်ကုန်မြို့။
လုပ်ငန်းတန်း ။ တိုက် (၂၃)၊ အခန်း(A. 4) လုပ်ငန်းတန်းလမ်း၊ တာမာရွတ်ပြိုနယ်၊ ရန်ကုန်မြို့
09-5118647-73009869-73013432-73028433

နစ်စဉ်ကျင်းပမြဲဖြစ်သော ကလာနုပါဝင်ပြသရောင်းချမည့်အထူးခြားဆုံးပြပွဲကြီး
YANGON INTERNATIONAL EXPO 2016
၈.၁.၂၀၁۶ မှ ၁၁.၁.၂၀၁۶ နံနက် (၉)နာရီ မှ ည (۶)နာရီ တပ်မတော်ခန်းမ
ပြခန်းများစတင်ရောင်းချနေပါပြီ။ ဈေးဝယ်ရန် – Smart Business Group Ph:01-656875,667473,09-73014777

No. 1 A3 Color Copier Worldwide
KONICA MINOLTA
13% OFF
Free Black Toner
bizhub 195 (A3 B/W Copier)
FREE MEMBERSHIP
ပြုလုပ်၍ထာဝရအထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
Gandamar Gold Member
bizhub C224e
(A3 Color Copier)
Worldwide
BEST SELLER
13% OFF
Free Black Toner
Gandamar O.A. & Business Solutions
09-253547980, 09-253547981, 01-383932, 01-383934

မိုးမြင့်ကြယ် ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။

X'mas & New Year အတွက်ချောင်းသာ Hotel,Guest အခန်းစီစဉ်ပေးသည်။

ချောင်းသာHotel (ငြိမ်း)	ငွေဆောင်Hotel+ကား	ကျိုက်ထီးရိုး(ငြိမ်)
40000/ 50000	50000	35000

01-549380,09-5093704,09-450012971

ထာဝရ ခရီးသွားလုပ်ငန်း ရန်ကုန်၊ မြောက်ဂြိုဠ်၊ စစ်ကြော၊ ပေါက်

